# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၉ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၃)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၅-၆-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်ဝစေရန်၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရန်၊ ပင်လယ်ရေထု ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ကာကွယ်နိုင်စွမ်းအားများ မြှင့်တင်နိုင်ရန် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ(ပဉ္စမအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏(ပဉ္စမအကြိမ်)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြင်ဆင်ဖွဲ့စည်းပေးခဲ့**

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှု လုပ်ငန်းများ ပိုမိုတိုးတက်မြင့်တင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စာမျက်နှာ ၃ သို့ ⌘

**ယနေ့ ဖတ်စရာအညွှန်း**

**အသက်ရှည်စေသော အင်ဇိုင်းတစ်မျိုးကို အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ**



စာမျက်နှာ ၇

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဇွန် ၂၅ ရက်၊ အင်္ဂါနေ့။
မန္တလေး

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉) ရပ်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့သည် မြေယာကို အခြေပြုလုပ်ကိုင်ကြရသော လုပ်ငန်းများဖြစ်ပြီး တစ်ခုနှင့် တစ်ခု အပြန်အလှန် အကျိုးပြုသော လုပ်ငန်းများလည်းဖြစ်သည်။ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေး၊ ကျေးလက်တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးနှင့် လူနေမှုအဆင့်မြင့်မားလာရေး၊ စိုက်ပျိုးမွေးမြူထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ပြင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီပြီး လက်တွေ့အကျိုးရှိစွာ အသုံးပြုနိုင်သည့် နည်းလမ်းများကို တီထွင်ကြံဆဆောင်ရွက်သွားကြရန် လိုအပ်သည်။

မိမိတို့နိုင်ငံတွင် စားရေရိက္ခာဖူလုံရေးအတွက် အောင်အောင်မြင်မြင် စိုက်ပျိုးမွေးမြူဆောင်ရွက်နိုင်မည့် ရေ၊ မြေ သယံဇာတများနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူသားအရင်းအမြစ်များ ပြည့်စုံစွာရှိနေသော်လည်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ စိုက်ပျိုးနိုင်သည့် မြေကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အကူအညီပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး ကြိုးပမ်းဆောင်ရွက်ခြင်းတို့အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းဆောင်ရွက်ကာ စိုက်ပျိုးမွေးမြူကုန်ထုတ်တိုးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများလည်းရှိရာ နိုင်ငံ၏ ဂျီဒီပီသည် စိုက်ပျိုးရေးလုပ်ငန်းမှ များစွာအထောက်အကူပြုလျက်ရှိရာ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် လိုအပ်သည့် ပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ် စုစုပေါင်း ၈ သိန်း စိုက်ထည့်

**မန္တလေး ဇွန် ၂၄**

မန္တလေး၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိတ်စိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ ဧရာဝတီမြစ်၊ ကျွဲစွန်းဆိပ်ကမ်းတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင်(၂) ဦးတင်မောင်ဝင်း၊ ခရိုင်ငါးလုပ်ငန်းတာဝန်ခံ ဒေါ်ဝေဝေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ သရက်ကုန်းစခန်း တာဝန်ခံ ဦးထွန်းနောင်ဝင်း၊



နတ်ရေကန်စခန်း တာဝန်ခံ ဒေါ်စန်းစန်းဦး၊ ရေနံ့သာစခန်း တာဝန်ခံ ဦးအေးလွင်နှင့် စခန်းဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ်များ စိုက်ထည့်ပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သော ဧရာဝတီမြစ်အတွင်းသို့ စိုက်ထည့်ခဲ့သည့် ငါးမျိုးစိတ်များမှာ ရွှေဝါငါးကြင်း(၃)သိန်း၊ ငါးခုံးမ(၄) သိန်း၊ ငါးမြစ်ချင်း(၁)သိန်း၊ စုစုပေါင်း (၈)သိန်း ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၉၃)**

# ရေစီးရေလာကောင်းမွန်ရေး မြောင်းများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပြည်ကြီးမျက်ရှင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၃ A လမ်းအရှေ့ဘက်ခြမ်းမြောင်းများအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၂ လမ်းနှင့် ၃၃လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် ၃၁ လမ်းတံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၁၁၄ လမ်း တောင်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၄၇ လမ်းနှင့် ၄၈ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် မြောင်းစာအမှိုက်များကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များအလိုက် ရပ်ကွက်များတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်အရ သက်ဆိုင်ရာမြို့နယ်သန့်ရှင်းရေးဌာနသို့ တင်ပြလာပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဓာတ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အီရန်နိုင်ငံ တီဟီရန်မြို့၌ကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်



တီဟီရန် ဇွန် ၂၄

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

### တက်ရောက်

တီဟီရန်မြို့ရှိ ပါရှန်အဇာဒီဟိုတယ်၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် **"ဆန်းသစ်စနည်းပညာများမှတစ်ဆင့် ပိုမိုချိတ်ဆက်ပြီး၊ စွမ်းဆောင်ရည်ပြည့်ဝသည့် အာရှဒေသဆီသို့"** အပေါ် ကြိုဆိုခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့များက သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် (၁၉) ကြိမ်မြောက် အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် အေစီဒီ လက်ရှိဥက္ကဋ္ဌ **အီရန်နိုင်ငံ**၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် အေစီဒီဥက္ကဋ္ဌတာဝန် အောင်မြင်စွာ ထမ်းဆောင်ခဲ့သည့် **ဘာရိန်းနိုင်ငံ**တို့အပေါ် ချီးကျူးခဲ့ပြီး အေစီဒီဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် **ထိုင်းနိုင်ငံ**ကို ကြိုဆိုကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အီရန်သမ္မတ မစ္စတာဆေးယက်ဒ် အီဘရာဟင်ရိုင်စီနှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဟိုစိန်အမီယာ အက်ဘ်ဒိုလာဟီယံတို့ မကြာသေးမီက ကွယ်လွန်သွားခဲ့မှုအပေါ် မြန်မာနိုင်ငံက ဝမ်းနည်းကြေကွဲရကြောင်းနှင့် ၎င်းတို့၏ အာရှပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်အပေါ် ကြိုးပမ်းမှုများကို အစဉ်အောက်မေ့သတိရ တန်ဖိုးထားလျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ထို့အတူ (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် အေစီဒီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများကလည်း ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

အစည်းအဝေး၌ **"အေစီဒီအတွင်းရေးမှူးရုံး၏ စည်းမျဉ်းစည်းကမ်းများ"** နှင့် **"အေစီဒီအဖွဲ့၏ လုပ်ထုံးလုပ်နည်းများ"** ကို သဘောတူညီခဲ့ကြသည့်အပြင် အစည်းအဝေးရလဒ်အဖြစ် **"တီဟီရန်ကြေညာချက်"** ကို အဖွဲ့ဝင်နိုင်ငံများ၏တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အေစီဒီ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားသည်။

ဇွန် ၂၃ ရက် ညနေပိုင်းတွင် အိမ်ရှင် အီရန်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအလီဘာဂယ်ရီကာနီက (၁၉) ကြိမ်မြောက်အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ပါဝင်တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို တီဟီရန်မြို့ရှိ အက်စ်ပီနာသပဲလေ့စ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ကို ၂၀၀၂ ခုနှစ် ဇွန်လက ထိုင်းနိုင်ငံ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး လက်ရှိတွင် အေစီဒီ၌ ဒေသတွင်းအုပ်စုကြီးငါးခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို ကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံပါဝင်၍ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန်ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား "ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်" နှင့်ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး ခြောက်ခု၌ဦးစားပေးပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားပြီး အဆိုပါ အဓိကမဏ္ဍိုင်ကြီး ခြောက်ခုမှာ (က) ပေါင်းစည်းဆက်နွှယ်မှု၊ (ခ) သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ (ဂ) ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ) စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ (င) ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ (စ) အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

(၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ အေစီဒီ အဖွဲ့ဝင်နိုင်ငံ ၃၁ နိုင်ငံနှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ရှစ်ခုမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

⌘ ရှေ့ဖုံးမှ

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို ကော်မတီဝင် ၂၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန် ၁၀ ရပ်ကို အပ်နှင်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ဗဟိုကော်မတီသို့ အပ်နှင်းထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Management-ICM)ကို အပြီးသတ်ရေးသား အတည်ပြုနိုင်ခဲ့မှု၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ (Marine Pollution Control Law)အား အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ်တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့်နေရာများကို ငါးမဖမ်းရနယ်မြေများ၊ Hot Spot/ Diving Sites များ သတ်မှတ်ပေးနိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသများ ညစ်ညမ်းမှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ပညာပေးအစီအစဉ်များ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် ကိုကိုးကျွန်းအပါအဝင် ကမ်းရိုးတန်းမြို့နယ် ၆၀ တွင် ဒီရေတောနှင့် အရိပ်ရပင် တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်စိုက်ပျိုးနိုင်ခဲ့မှု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပင်လယ်ပြင် ဥပဒေစိုးမိုးရေး မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှုစသည့် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်းလုပ်ငန်းများကို ကော်မတီဝင်များအားလုံး၊ လုပ်ငန်းဌာနများအားလုံး၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအသီးသီးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(Sustainable Development Goal) ၁၇ ရပ်အနက် ပန်းတိုင် ၁၄ သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ပန်းတိုင်ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းနှင့်အဏ္ဏဝါဆိုင်ရာ ရေထု၏ အပူချိန်၊ ပင်လယ်ရေစီးကြောင်း၊ ရေနေသတ္တဝါနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ ရှင်သန်ရပ်တည်နိုင်ရန် အဓိက အထောက်အပံ့ပြုပေးနေသည့် အခြေခံအကြောင်းတရားများ ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း သုံးထောင်ကျော်၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်များသည် ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများအပေါ် မှီခိုရှင်သန်နေရပါကြောင်း။

### လျော့နည်းပြုန်းတီးလာ

သို့သော် ယခုအခါ ကမ္ဘာ့ငါးသယံဇာတ၏ ၃၀ ရာခိုင်နှုန်းခန့်သည် အလွန်အကျွံ ထုတ်ယူသုံးစွဲခဲ့ကြပြီးဖြစ်ပါကြောင်း၊ ထို့သို့ ကမ်းရိုးတန်းဒေသများတွင် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ငါးသယံဇာတများ သိသိသာသာ လျော့နည်းပြုန်းတီးလာသည့်အပြင် ပင်လယ်ရေထုညစ်ညမ်းမှုများသည်လည်း ငါးသယံဇာတနှင့် ဂေဟစနစ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်ရေထုတွင် တွေ့ရှိရသည့်အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အဓိကအားဖြင့် ကုန်းတွင်းပိုင်းမှ စွန့်ပစ်သည့် ပစ္စည်းများဖြစ်သည်ဟု သိရှိရပါကြောင်း၊ ပင်လယ်ရေထုအတွင်း ရောက်ရှိလာသည့် စွန့်ပစ်ပစ္စည်းအများစုသည် ပလတ်စတစ်ပစ္စည်းများနှင့် စွန့်ပစ်ငါးဖမ်းပိုက်များဖြစ်သည်ဟု သိရှိရကြောင်း။

ထိုသို့ ပင်လယ်ရေထု ညစ်ညမ်းမှုများသည် အဏ္ဏဝါရေပြင်ကို အလွန်ထိခိုက်စေခြင်းကြောင့် သန့်ရှင်းသည့် ငါးသယံဇာတများ ရေရှည်တည်တံ့စွာ ထုတ်ယူနိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲ ပေါများကြွယ်ဝမှု၊ လူသားတို့၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို များစွာခြိမ်းခြောက်လျက်ရှိပါကြောင်း၊ စွန့်ပစ်ပစ္စည်းများ စုပုံဖုံးအုပ်ခြင်းများကြောင့် ငါးနှင့်ပင်လယ်သတ္တဝါများ သေကျေပျက်စီးပြုန်းတီးခြင်း၊ ကမ်းရိုးတန်းနှင့်အဏ္ဏဝါသဘာဝအရင်းအမြစ်များဖြစ်သည့် ဒီရေတော၊ သန္တာကျောက်တန်း၊ ပင်လယ်မြက်ခင်း၊ မြစ်ဝကျွန်းပေါ်နှင့် သဲသောင်ကမ်းခြေများတွင် ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုအတွင်း ဆီယိုဖိတ်မှုများ၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးသင်္ဘောများတွင် တပ်ဆင်ထားသော စွမ်းအားမြင့် အသံလှိုင်းထုတ်လွှင့်စက်များကြောင့် အသံညစ်ညမ်းမှုများလည်း ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့အဏ္ဏဝါရှားပါး နို့တိုက်သတ္တဝါမျိုးစိတ်ဖြစ်သော ဝေလငါးများ၏ အစာရှာဖွေစားသောက်စနစ်နှင့်အခြားအရေးကြီးသော အပြုအမူများကို ဖျက်ဆီးဟန့်တားမှုများ ဖြစ်ပေါ်စေရုံသာမက အဏ္ဏဝါကျောရိုးမဲ့သတ္တဝါများအား သေစေနိုင်သည်အထိ ဖြစ်ပေါ်စေလျက်ရှိပါကြောင်း။

### ခန့်မှန်းထား

အပြည်ပြည်ဆိုင်ရာ သဘာဝဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (International Union for the Conservation of Nature-IUCN)၏ ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်စာရင်းများအရ အဏ္ဏဝါနို့တိုက်သတ္တဝါများ၏ ၂၅ ရာခိုင်နှုန်း၊ ပင်လယ်ငှက်များ၏ ၂၇ ရာခိုင်နှုန်းနှင့် သန္တာကျောက်တန်းများ၏ ၂၇ ရာခိုင်နှုန်းသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်ပေါ်လျက်ရှိသည့်အပြင် နောင်လာမည့် ၂၁၀၀ ပြည့်နှစ်တွင်

စာမျက်နှာ ၄ သို့ ❑

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်ကိုင်းမြို့တွင် ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

စစ်ကိုင်း ဇွန် ၂၄

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်တို့ တက်ရောက်အားပေးသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ထို့နောက်အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းရှိ အသင်္ချာခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး "သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်" ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့အချိန်တွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တစ်နိုင်ငံလုံး၌ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကို မွေးမြူ၍ မိမိတို့ဘဝတိုးတက်အောင် ထူထောင်ကြရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာမြင့်မားအောင် ကြိုးစား၍ လူရည်ချွန်လူရည်မွန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်နေပြီး နည်းပညာများ တစ်ဟုန်ထိုးတိုးတက်လျက်ရှိသဖြင့် ခေတ်နှင့်အညီ လိုက်ပါသင်ယူကြိုးစားနေရမည်ဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က လက်ခံရယူစဉ်။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူလတာဝန်အပြင် စာကြည့်တိုက်လုပ်ငန်းများကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ/ရသ ပညာရပ်အစုံကို ဖတ်ရှုကြရန်နှင့် နောင်တစ်ချိန် နိုင်ငံတော်က အားကိုးအားထားရသော သားကောင်းသမီးကောင်း ပညာရှင်များ ပေါ်ထွန်းရေးအတွက် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်အသစ် ငါးတိုက် ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ် သိန်း ၇၅၀ နှင့် ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၁၆၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းရှစ်ကျောင်းအတွက် DTH စလောင်းနှင့် DVB T2 Set Top Box ရှစ်စုံတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦးက လက်ခံရယူသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်စကားပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်/စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံကျော်အနုပညာရှင်များဖြစ်သည့် အဆိုတော် ယုန်လေး၊ အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် ငြိမ်းချမ်းတို့က ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် စစ်ကိုင်းပညာရေးကောလိပ်မှ ကျောင်းသူများက "ပန်းဥယျာဉ်ဝယ် ဆိုကြ ကကြမယ်" သီချင်းဖြင့်လည်းကောင်း၊ အထက(၁)စစ်ကိုင်းမှ ကျောင်းသူများက "အတုမရှိရွှေစစ်ကိုင်း" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက "အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ" သီချင်းဖြင့်လည်းကောင်း၊ အထက(ခွဲ) ရန်နိုင်မှ ကျောင်းသား ကျောင်းသူများက"မိုးဇာဗျော" သီချင်းဖြင့်လည်းကောင်း၊ အထက(၁) ကျောင်းသားကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

## ဆွေးနွေးပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးကိစ္စများနှင့် ပတ်သက်၍ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို လွန်ခဲ့သော ကိုးနှစ်ခန့်က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပြီး ယခုအခါ ရွှေသင်္ကန်းပြန်လည်ကပ်လှူပူဇော်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စေတီတော်ကြီးသို့ လာရောက်သည့် ဘုရားဖူးပြည်သူများ အဆင်ပြေစွာ တည်းခိုနိုင်ရေးအတွက် ရွှေတောင်ရိုး မိုတယ်ဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❑ စာမျက်နှာ ၃ မှ

အဏ္ဏဝါမျိုးစိတ်၏ ထက်ဝက်ကျော်ခန့် မျိုးသုဉ်းပျောက်ကွယ်လိမ့်မည်ဟု ခန့်မှန်းထားကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်ဝစေရန်၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရန်၊ ပင်လယ်ရေထုညစ်ညမ်းမှုနှင့် ၄င်းနှင့်ဆက်စပ်နေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ကာကွယ်နိုင်စွမ်းအားများကို မြှင့်တင်နိုင်ရန်တို့အတွက် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ကော်မတီဝင်များအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများကို စနစ်တကျဖြေရှင်းဆောင်ရွက်ကြရန်၊ ထိထိရောက်ရောက် စီမံအုပ်ချုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ဒေသတွင်း အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ကမ်းရိုးတန်းနှင့်အဏ္ဏဝါ ရေပြင်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း (ICM)အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

# အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက် မောင်းနှင်ထိန်းသိမ်း ပြုပြင်ခြင်းသင်တန်းဖွင့်လှစ်



**ကျောက်ဆည် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကျွမ်းကျင်သည့် စက်မှုလယ်ယာစက်မောင်း/ စက်ပြင်ပညာရှင်များ ပေါ်ပေါက်လာစေရန်နှင့် ကျွမ်းကျင်ပညာရှင်များမှ မိမိတို့ဒေသအလိုက် ပညာပေးသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ လက်ဆွဲကောက်စိုက်စက်အသုံးပြုသူ တောင်သူများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား ကူညီဆောင်ရွက်ပေးခြင်း လုပ်ငန်းများ ဆင့်ပွားဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)အစည်းအဝေးခန်းမတွင် အင်ဂျင်ပါဝါသုံး လက်စွဲကောက်စိုက်စက်မောင်းနှင်ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ စပါးသီးနှံများ စိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်းစနစ် လျှော့နည်းပပျောက်စေရေးအတွက် လက်ဆွဲမျိုးစေ့ချကိရိယာများ၊ ကောက်စိုက်စက်များနှင့် စိုက်ပျိုးနိုင်ရေးများ ပညာပေးစည်းရုံးလျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အင်းကုန်းစက်ရုံမှ နည်းပညာ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် လိုအပ်သောစက်ပစ္စည်းအစိတ်အပိုင်းများ ကူညီပံ့ပိုးမှုဖြင့် မန္တလေးစက်မှုဇုန် (စိန်ပန်းစက်မှုလက်မှု) အဖွဲ့(၂)ဖွဲ့မှ လက်ဆွဲကောက်စိုက်စက်အစီး(၅၀)ကို ပူးပေါင်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် မေ ၁၈ ရက်နေ့တွင် တိုင်းဒေသကြီးအတွင်း ဒေသအသီးသီးသို့ မိုးစပါးစိုက်ပျိုးရာသီအမီ စပါးသီးနှံများ စိုက်ပျိုးနိုင်ရေးဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း)မှ စက်ရုံမှူး ဦးမျိုးလွင်ဦးက သင်တန်းသားများ အနေဖြင့် လက်ဆွဲကောက်စိုက်စက်နှင့် ပတ်သတ်သည့် မောင်းနှင်နည်းများ၊ ချိန်ညှိနည်းများ၊ ထိန်းသိမ်းပြုပြင်နည်းများကို စေ့စပ်သေချာစွာ လေ့လာသင်ယူ၍ မိမိတို့ဒေသတွင်ရှိသော တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်၌ အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက်များနှင့် စိုက်ပျိုးချိန်တွင် အကောင်းဆုံး ကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

ဆက်လက်ပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ သင်တန်းသား(၅၀)ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇွန် ၂၄ ရက်နေ့မှ ၂၈ ရက်အထိ (၅)ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မိတ္ထီလာ ဇွန် ၂၄**

မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲမကျင်းမီ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာနတွင် ဖြေဆိုခန်း ၄ ခန်းခွဲ၍ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသား ၇၃ ဦး ပါဝင်ယှဉ်ပြိုင်သည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲအပြင် ဇွန် ၂၅ ရက်နေ့တွင် ကျပန်းစကားပြောပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန၌ လည်းကောင်း၊ ဇွန် ၂၆ ရက်နေ့တွင် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အ·ထ·က(ခွဲ)အောင်ဇေယျာတွင် လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၅၃)

# ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ယမန်နေ့ ညနေပိုင်းက ဦးသက်ထူးဇင်သည် အတူကစားဖော်များဖြစ်ကြသည့် ဦးကောကော(ခ) ဦးနေဝင်းထွန်း၊ ဦးအားဝှာ၊ ဦးကျော်မင်းငွေ၊ ဦးမင်းဇော်မွေးတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ၁၉၁ ကိုက်ကွာဝေးသော ကျင်းအမှတ်(၈)သို့ ဂေါက်သီး အမျိုးအစား Titleist-4 အား ဂေါက်တံအမျိုးအစား XXIO IRON-6 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။

တစ်ချက်တည်းကျင်းဝင် အောင်ရိုက်နိုင်ခဲ့သော ဦးသက်ထူးဇင်အား SWEE-TY HOME ကုမ္ပဏီက ငွေကျပ်နှစ်သိန်းတန်ကူပွန်ဆု၊ Myanmar Casual Wear ကုမ္ပဏီက ဂေါက်အိတ်တစ်လုံး၊ ရှောက်လုံခမ်ဟော့ပေါ့က ငွေကျပ်ငါးသိန်းတန်ကူပွန်ဆုနှင့် ဝမ်းသာမြန်မာကုမ္ပဏီက ငွေကျပ်ငါးသိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)

# အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်လှစ်



**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၁၂လမ်း၊ ၇၃ လမ်းထောင့်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါ်မို့မို့သွင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)မှ နည်းပြအရာရှိ ဒေါ်စီစီမော်နှင့် နည်းပြများ၊ မန္တလေးလူငယ် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)နည်းပြအရာရှိ ဒေါ်စီစီမော်မှ သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ကျောင်းသား (၂၀)ဦးတို့အား ၂၄-၆-၂၀၂၄ ရက်မှ ၂၄-၇-၂၀၂၄ ရက်နေ့အထိ သင်တန်းကာလ တစ်လတိတိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၉၃)

စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာ့မြေကို စောင့်ရှောက်စို့။

# ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ လိုင်စင်မရှိဘဲ ဝင်ရောက်နေသည့် ကုမ္ပဏီများအား လုပ်ထုံးလုပ်နည်းအရ အရေးယူဆောင်ရွက်မည်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့မှစတင်၍ သွင်းကုန် လိုင်စင်/ပါမစ် ခွင့်ပြုချက် မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၃/၂၀၂၄ ဖြင့် ထုတ်ပြန်ထားသော်လည်း လိုက်နာဆောင်ရွက်မှုမရှိဘဲ ခွင့်ပြုချက်မရရှိသေးသည့် ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထားလိုက်နာရန် ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် ထပ်မံနှိုးဆော်အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# အသိပေးကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်

၁။ ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် Online Registration စနစ်ဖြင့် Myanmar Rice Online(MyRo)-www.myro.com.mm တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့အထိ Myanmar Rice Online(MyRo)- www.myro.com.mm တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ သိုလှောင်ရုံအရေအတွက် ၂၁၃ လုံး၊ တစ်ဦးချင်းလုပ်ငန်းရှင်များ၏ သိုလှောင်ရုံ ၅၁၃ လုံး၊ စုစုပေါင်းသိုလှောင်ရုံအရေအတွက် ၇၂၆ လုံး မှတ်ပုံတင်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့် အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများကို Myanmar Rice Online (MyRo)-www.myro.com.mmတွင် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တည်းခိုရေးစခန်း(ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။



**ထပ်မံဖြည့်သွင်းဆောင်ရွက်ပေးသွားမည်**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ပထမအကြိမ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်နှင့် စပ်လျဉ်းပြီး အတွေ့အကြုံကောင်းများ၊ အထောက်အကူကောင်းများ ရရှိခဲ့ကြကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဝန်ထမ်းများ၏ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အကြံဉာဏ်များကို ရယူပြီး မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်၏ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များလည်း ထပ်မံဖြည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများကို သမားရိုးကျနည်းလမ်းများဖြင့်သာ ရေးသွင်းပြုစုခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းများပြုစုခြင်းကို ကွန်ပျူတာဆော့ဝဲလ်နှင့် စတင်အသုံးပြုရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ပယ်ဖျက်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ပြည်ပအကူအညီရယူ၍ မဲစာရင်းများကို ဆော့ဝဲလ်စနစ်ဖြင့်ရေးဆွဲရန်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း၊ လက်ရှိတွင် ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်ဆော့ဝဲလ်ကို ပြည်တွင်းရှိ မြန်မာပညာရှင်များ၏ အကူအညီဖြင့် ခေတ်မီနည်းစနစ်များဖြင့် တီထွင်ပြီး မဲစာရင်းများကို စနစ်တကျ ပြုစုဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲကို ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ယမင်းသူ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ(အရှေ့)ရပ်ကွက်နေ ယမင်းသူ(ခ)နီနီအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Hinn Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ နှင်းဝေကျော်အား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Min Aung Moe Rajar Kumar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ မင်းအောင်မိုး(ခ)ရာဂျ်းကူးမားအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "Phyu Hnin Zar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ဖြူနှင်းဇာ(ခ)ဟာနီဖွာအား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Credit New" Viber Group Member ဝင်များဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မေဖြိုးပိုင်နှင့် ကြည့်မြင်တိုင်မြို့နယ်နေ ယုမွန်ထက်တို့အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "သားချစ်တဲ့မေမေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖက်တဲကုန်းကျေးရွာနေ နေအောင်အား ည ၆ နာရီ မိနစ် ၂၀တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အခွန်ကိစ္စဆန္ဒပြနေသူများနှင့် ပြောဆိုဆွေးနွေးရန် ကင်ညာသမ္မတ ဝီလျံရူတို လက်ခံသဘောတူညီ



**နိုင်ရိုဘီ ဇွန် ၂၄**

ကင်ညာနိုင်ငံတွင် အစိုးရက အခွန်နှုန်းထားများ တိုးမြှင့်သတ်မှတ်ရန် လိုအပ်နေပြီဟု သက်ဆိုင်ရာအခွန်ဌာနမှ တာဝန်ရှိသူများက ဖွန်လဆန်းပိုင်းတွင် သမ္မတထံ တင်ပြအစီရင်ခံခဲ့သည်။

ထိုသို့ အစီရင်ခံတင်ပြထားကြောင်း ကြားသိရသူများက အခွန်တိုးမြှင့်ကောက်ခံခြင်းကို မလိုလားသဖြင့် ဇွန် ၁၈ ရက်မှ စတင်ကာ နိုင်ငံအနှံ့အပြားတွင် အစိုးရကို လူပေါင်းထောင်နှင့်ချီ၍ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ကင်ညာသမ္မတ ဝီလျံရူတိုက အခြေအနေကို သုံးသပ်ပြီးနောက် အခွန်ကိစ္စဆန္ဒပြနေသူများနှင့် ပြောဆိုဆွေးနွေးရန် ဇွန် ၂၃ ရက်တွင် လက်ခံသဘောတူညီလိုက်ပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လူငယ်အများစုဦးဆောင်ပြီး ၄င်းတို့လိုလားချက်အတွက် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြတောင်းဆိုနေကြသဖြင့် ထိုလူငယ်များအတွက် အခွန်ကိစ္စ ပြောဆိုဆွေးနွေးရန် လက်ခံသဘောတူညီလိုက်ခြင်းဖြစ်သည်ဟု သမ္မတဝီလျံရူတိုက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



# စင်ကာပူနိုင်ငံ စင်တိုဆာကမ်းခြေများမှ ရေနံစိမ်းကပ်ငြိနေသော သဲများကို ရှင်းလင်း

**စင်ကာပူ ဇွန် ၂၄**

စင်ကာပူနိုင်ငံ စင်တိုဆာကမ်းခြေများမှ ရေနံစိမ်းကပ်ငြိနေသော သဲများကို ရှင်းလင်းခဲ့ရာ ဇွန် ၂၃ ရက်က ပြီးစီးသလောက်ဖြစ်နေပြီဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူတစ်နိုင်ငံလုံးကို ဝန်းရံထားသည့် ကမ်းခြေအားလုံးမှ ရေနံအညစ်အကြေးများကို ဦးစွာသန့်စင်ပြီးနောက် စင်တိုဆာကျွန်းနှင့် အရှေ့ကမ်းရိုးတန်းကမ်းခြေများရှိ သဲသောင်များပေါ်အထိ ဝင်ရောက်နေသော ရေနံများကို ဆက်လက်ရှင်းလင်းခဲ့ကြသည်။

ဇွန် ၁၅ ရက်ကတည်းက စင်တိုဆာကျွန်းရှိ စီလိုဆာ၊ ပါလာဝမ်နှင့် တန်ဂျောင်းကမ်းခြေများရှိ ရေနံစိမ်းကပ်ငြိနေသော သဲများကို ဖယ်ရှားရှင်းလင်းခဲ့ခြင်းဖြစ်သည်။

**Mon**

# ပြန်လည်အသုံးပြုနိုင်မည့် သံမဏိဒုံးပျံ တရုတ်နိုင်ငံ၌ စမ်းသပ်ပစ်လွှတ်အောင်မြင်

**ပေကျင်း ဇွန် ၂၄**

ပြန်လည်အသုံးပြုနိုင်မည့် သံမဏိဖြင့် ပြုလုပ်ထားသော ဒုံးပျံတစ်မျိုးကို တရုတ်နိုင်ငံ၌ ဇွန် ၂၃ ရက်က စမ်းသပ်ပစ်လွှတ်အောင်မြင်ခဲ့ကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရအတွင်းရှိ ကျေ့ချွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းတွင် တရုတ်လေကြောင်းအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းလက်အောက်ခံ ရှန်ဟိုင်းအာကာသပျံသန်းမှုနည်းပညာအကယ်ဒမီ၏ ကြီးကြပ်မှုဖြင့် အဆိုပါ စမ်းသပ်လွှတ်တင်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၆ မိနစ်ကြာမြင့်သော စမ်းသပ်မှုတွင် အချင်း ၃ ဒသမ ၈ မီတာရှိသော သံမဏိဒုံးပျံကို အောက်ဆီဂျင်-မီသိန်း အင်ဂျင်များ တပ်ဆင်၍ လွှတ်တင်ခဲ့ရာ ၁၂ ကီလိုမီတာအကွာအထိ ရောက်ရှိခဲ့ပြီးနောက် ထောင်လိုက်ပြန်ဆင်းနိုင်ခဲ့ကြောင်း တရုတ်လေကြောင်းအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက အတည်ပြုသည်။

တရုတ်နိုင်ငံ၏ ပထမဆုံး ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ယခုနှစ် ဟာ့ဂ်ျဘုရားဖူးရာသီအတွင်း ပရိသတ် ၁၃၀၁ ဦးထက်မနည်း သေဆုံး

**ရီယာ့ဒ် ဇွန် ၂၄**

ယခုနှစ် ဟာ့ဂ်ျဘုရားဖူးရာသီအတွင်း ပရိသတ် ၁၃၀၁ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု ဆော်ဒီအာရေဗျအစိုးရက ဇွန် ၂၃ ရက်တွင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဟာ့ဂ်ျဘုရားဖူးရာသီနှင့် အပူလှိုင်းဖြတ်ချိန် တိုက်ဆိုင်ကြုံကြိုက်ခဲ့ရာ မက္ကာမြို့ပတ်ဝန်းကျင်၌ အပူချိန် ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ခဲ့သည်။

သေဆုံးသည့် ပရိသတ်၏ လေးပုံသုံးပုံကျော်သည် သက်ဆိုင်ရာက ခွင့်မပြုဘဲ နေပူထဲတွင် လမ်းလျှောက်သွားခဲ့ကြခြင်းဖြစ်သည်ဟု ဆော်ဒီအာရေဗျကျန်းမာရေးဝန်ကြီးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



**တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေသော သီအိုဒေါရုစဖဲ့လ်ဟု အမည်ရသည့် အမေရိကန်လေယာဉ်တင်သင်္ဘောကြီးကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။ Mon**



STOP
AIDS

# အမေရိကန်ပြည်ထောင်စု၌ ဖြတ်နေသောအပူလှိုင်း အရှေ့ကမ်းရိုးတန်းမှ အနောက်သို့ ပြန့်ကားလာ

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်ပြည်ထောင်စု၌ ဖြတ်နေသောအပူလှိုင်းသည် အရှေ့ကမ်းရိုးတန်းမှ အနောက်သို့ ပြန့်ကားလာကာ မြို့နေလူဦးရေ သန်း ၁၀၀ ကျော်တို့အပေါ် သက်ရောက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘာလ်တီမိုးနှင့် ဖီလာဒဲလ်ဖီးယားမြို့ နှစ်မြို့တွင် ဇွန် ၂၃ ရက်က အပူချိန် ၃၈ ဒီဂရီဆဲလ်ဆီးယပ်စ်နီးပါးအထိ ရောက်ရှိခဲ့သည်။

အိုင်းဒါဟို၊ မွန်တဲနားနှင့် ဝိုင်ယိုမင်းပြည်နယ်များတွင် ယခုနှစ် ရာသီဥတုအပူချိန်သည် ပုံမှန်ထက် ၁၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ရောက်ရှိခဲ့သည်။

နေဘရာစကာနှင့် ကန်းဆတ်စ်ဒေသများတွင် ဇွန် ၂၄ ရက်၌ အပူချိန်အလွန်ကဲဆုံးဖြစ်နိုင်သည်ဟု အမျိုးသားရာသီဥတုဌာနက ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ရက်ပိုင်းအတွင်း ဖီလာဒဲလ်ဖီးယားတွင် အပူချိန် ၄၁ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိလာနိုင်သည်ဟု မိုးလေဝသဌာနများက တွက်ချက်သတိပေးထားကြောင်း သိရသည်။

**Mon**



# ဗြိတိန်နိုင်ငံ မန်ချက်စတာလေဆိပ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွား



**လန်ဒန် ဇွန် ၂၄**

ဗြိတိန်နိုင်ငံ မန်ချက်စတာလေဆိပ်တွင် ဇွန် ၂၃ ရက်က လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသည်အများဆုံး စောင့်ဆိုင်းနေသော စကြီး ၁ နှင့် ၂ တို့တွင် မွန်းလွဲပိုင်းနှင့် ညနေပိုင်း၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သဖြင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့သည်။

ဗြိတိန်နိုင်ငံ၏ တတိယအကြီးဆုံးဖြစ်သော ထိုလေဆိပ်တွင် ယင်းကဲ့သို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရခြင်း အကြောင်းရင်းကို လေဆိပ်တာဝန်ရှိသူများ စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

## ညောင်ပင်ကြီးများပြိုလဲပြီး လမ်းပိတ်ဆို့မှုဖြစ်ပွား

**မြစ်ကြီးနား ဇွန် ၂၄**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ ဇရော ရပ်ကွက်၊ မြန်မာ့လေကြောင်းလမ်းတွင် လုံးပတ်(၁၈)ပေခန့်ရှိသော ညောင်ပင်ကြီး(၂)ပင်သည် ပြိုလဲပြီး လမ်းပိတ်ဆို့မှု ဇွန် ၂၃ ရက် ညနေ ၄နာရီခွဲက ဖြစ်ပွားခဲ့သည်။ **(ယာဝုံ)**

အဆိုပါညောင်ပင်ကြီးများ ပြိုလဲသဖြင့် ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးသန်းဇော်ဦး ဦးစီး၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ်ဖြင့် သွားရောက်ခုတ်ထစ်ရှင်းလင်းဖယ်ရှားပေးခဲ့ကြကြောင်းသိရသည်။

**(၀၅၇)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပြည်ကြီးတံခွန်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**မန္တလေး ဇွန် ၂၄**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တားဆီး နှိမ်နင်းရေး လုပ်ငန်းများဆောင် ရွက်စဉ် ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်တွင် အမျိုး သား ၃ ဦးအား မူးယစ်ဆေးဝါး များနှင့်ဖမ်းဆီးရမိခဲ့ကြသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၇ နာရီခန့်က မူးယစ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ တောင်မြင့်ရပ်ကွက်လမ်းဆုံ တွင် စောင့်ဆိုင်းနေစဉ် ဆိုင် ကယ်စီးလာကြသူ ခင်ဇော်၊ ကျော် တိုးအောင်၊ ဝင်းအောင်တို့အား စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေး ပြား ၁၂၆၀၀ပြားနှင့်အကြေအမှုန့် ၆၆၆ ဂရမ်အား သိမ်းဆည်းရမိ သဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ စိတ်ကြွရူးသွပ် ဆေးပြားများအား သုံးစွဲဖြန့်ဖြူး ရောင်းချရန် လက်ဝယ်ထားရှိသူ ဦးခင်ဇော် (၅၉)နှစ်၊ ဦးကျော်တိုး အောင် (၂၈)နှစ်၊ ဦးဝင်းအောင် (၃၂) နှစ်တို့အား ပြည်ကြီးတံခွန်မြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက် များ စစ်ဆေးလျက်ရှိသည်။

**(အောက်ပုံ)**

**(၀၅၇)**

၀-၀-၀-၀-၀-၀



## ပင်လုံမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၂၃ ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်က သက်သေ များနှင့်အတူ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဝမ်မိုင်ရွာ၊ တောင်ပေါ် လမ်းနေ စိုင်းမြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ၊ ဘိန်းစိမ်း အလေးချိန် ၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ သဖြင့် စိုင်းမြ(၅၁)နှစ်အား ပင် လုံ နယ်မြေရဲစခန်းတွင် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေ အရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက် ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## လမ်းဆုံတွင် ဆိုင်ကယ်နှင့် သုံးဘီး ယာဉ်တိုက်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၂၄**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ရတနာဘုမ္မိအနောက် ရပ်ကွက်၊ ၈၆လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား လမ်းဆုံတွင် ဆိုင် ကယ်နှင့်သုံးဘီးယာဉ်တိုက်မိမှု ဇွန် ၂၃ ရက် နံနက် ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦး--- မောင်း နှင်လာသော သုံးဘီးယာဉ်နှင့် ဦး----- စီးနင်းလာသော ဆိုင်ကယ်တို့သည် မတော်တဆ ဖြစ်ကာ တိုက်မိပြီး ဆိုင်ကယ် မောင်းသူ အမျိုးသားမှာ ထိခိုက် ဒဏ်ရာရရှိသဖြင့် မဏိစလ လူမှုကူညီရေးအသင်းယာဉ်ဖြင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၅၇)**

## ကာမိုင်းတွင် အိမ်စီးမော်တော်ယာဉ်ပေါ်မှ အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိ

**ဖားကန့် ဇွန် ၂၄**

ကချင်ပြည်နယ်၊ ဖားကန့် မြို့နယ်၊ ကာမိုင်းမြို့ နယ်မြေခံ တပ်ရင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ က မသင်္ကာဖွယ် အိမ်စီးမော်တော် ယာဉ်အား တွေ့ရှိသဖြင့် စစ်ဆေး ဆောင်ရွက်ရာမှ အမိုနီယမ်နိုက် ထရိတ်များ တင်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့် လှစ်အရေးယူထားကြောင်း သက် ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် ညနေ ၃ နာရီခွဲက ဖားကန့်မြို့ နယ် ကာမိုင်းမြို့နယ်မြေခံတပ်ရင်း မှ လုံခြုံရေးတာဝန်ထမ်းဆောင် နေသော တပ်မတော်သားများက နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကာမိုင်းမြို့၊ မြစ်ကြီးနား- ဖားကန့်သွားကားလမ်း၊ လဝါး လမ်းဆုံအနီးတွင် မသင်္ကာဖွယ်ရာ မော်တော်ယာဉ်တစ်စီးအား ရပ် တန့်ထားကြောင်း သတင်းရရှိ သဖြင့် သွားရောက်စစ်ဆေးရာ ယာဉ်အမှတ်၊---- အဖြူရောင် ယာဉ်အားတွေ့ရှိပြီး ယာဉ်မောင်း အား တွေ့ရှိခြင်းမရှိသဖြင့် ယာဉ် အား စစ်ဆေးရှာဖွေရာ အဆိုပါ ယာဉ်နောက်ခန်းအတွင်းမှ တရုတ် စာတမ်းပါ ဖြူ/စိမ်းရောင် ဆာလာ အိတ်တစ်အိတ်လျှင် အမိုနီယမ် နိုက်ထရိတ် အလေးချိန် ၄၀ ကီလိုဂရမ်ခန့်စီပါ ဆာလာအိတ် နှစ်အိတ်အတွင်းမှ အမိုနီယမ် နိုက်ထရိတ် ၈၀ ကီလိုဂရမ်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည့် မော်တော်ယာဉ် နှင့် အမိုနီယမ်နိုက်ထရိတ်များ အား ရဲလုပ်ငန်းစနစ်နှင့်အညီ သိမ်းဆည်း၍ ကာမိုင်းနယ်မြေ ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်စုံစမ်း လျက်ရှိကြောင်း သိရသည်။

**(၄၄၄)**

၀-၀-၀-၀-၀-၀-၀

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် အကောက်ခွန်ဦးစီး ဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ရာတွင် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် စစ်ကိုင်း တိုင်းဒေသကြီးတရားမဝင်ကုန်သွယ် မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက် ခဲ့ရာ စစ်ကိုင်းမြို့၊ ကောင်းမှုတော် လမ်းဆုံအနီး၌ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်း မရှိသည့် သံပြားအပါး ၂၆၆ ချပ်၊ သံပြားအထူ ၉၂ ချပ်၊ သံပိုက်လုံး ၂၄၁၅ လုံး၊ သံပိုက် ချောင်း ၇၃၂၈ ချောင်း၊ ကြေး ပိုက်ခွေ ၁၀ ခွေပါ ၁၉ ဖာ၊ မြေ တူးစက် ၁ လုံး၊ နှမ်းနက် ၃၃ အိတ် အပါအဝင် ကုန်ပစ္စည်း ၄၁ မျိုး ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်း ကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ဇွန် ၂၂ ရက်နှင့် ၂၃ ရက် တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၇၄၁ တန်၊ သစ်မာ ၀ ဒသမ ၅၅၃ တန်၊ အခြားသစ် ၂ ဒသမ ၈၈၃ တန် ဖမ်းဆီးရမိခဲ့ပြီး သစ် တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**(ဓပုံ)**

**(မန္တလေးနေ့စဉ်သသတင်းအဖွဲ့)**





**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်

မောင်ပြည်သူ(မန္တလေး)

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးအတွက် လူ့ညွှန့်တုံးစေမည့် အန္တရာယ်ဖြစ်ပါသည်။ ယနေ့ ကမ္ဘာပေါ်ရှိ လူမှုနယ်ပယ်အသီးသီးတွင် ရှင်သန်နေထိုင်လျက်ရှိသည့် လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ သားကောင်ဘဝသို့ကျရောက်ပြီး အနာဂတ်ပျောက်ဆုံးသွားပါက နိုင်ငံ၏ အနာဂတ်တည်ဆောက်ရေးရှေ့ခရီးအတွက်အင်အားကို ချည့်နဲ့သွားစေနိုင်ပြီး ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာခြိမ်းခြောက်လာနိုင်ပါသည်။

ကမ္ဘာ့လူဦးရေ၏ ၅ ဒသမ ၅ရာခိုင်နှုန်းသည် တစ်နှစ်အတွင်း မူးယစ်ဆေးဝါးအနည်းဆုံး တစ်ကြိမ်သုံးစွဲမှုရှိပြီး ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူ ၂၇၅သန်းခန့်ရှိပါသည်။ ၎င်းတို့အနက် ၃၆ ဒသမ ၃သန်းသည် ဆေးဝါးကုသမှုခံယူရန် လိုအပ်နေသူများဖြစ်ပြီး ၁၁သန်းကျော်မှာ မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းသူများ ဖြစ်ကြသည်။ မူးယစ်ဆေးလွန်သေဆုံးမှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း၊ မူးယစ်ဆေးစွဲမှုကြောင့် ကူးစက်ခံရသော HIV ရောဂါ၊ အသည်းရောင်၊ အသားဝါ (B နှင့် C)၊ TB ရောဂါဖြစ်ပွားမှုများသည်လည်း မြင့်တက်လာကြောင်း ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်။

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတွင် ဒေသတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်အစိုးရ၏ ဥပဒေယန္တရားစနစ်တကျ လည်ပတ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍဖြစ်ပြီး နယ်စပ်တည်ငြိမ်အေးချမ်းမှုမရှိသော သွားလာမှုခက်ခဲသော အချို့သောဒေသများတွင် တရားမဝင်နယ်စပ် ဝင်၊ ထွက်ပေါက်များမှတစ်ဆင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကလိုအပ်သော ဓာတုပစ္စည်းများ အလွယ်တကူဝင်ရောက်လျက်ရှိပြီး ယင်းတို့ကို အသုံးပြု၍ ထွက်ရှိလာသော မူးယစ်ဆေးဝါးများသည် ဓာတုပစ္စည်းများ ဝင်ရောက်လာရာလမ်းကြောင်းများအတိုင်း ပြန်လည်သယ်ဆောင်လျက်ရှိသည့်အတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များအနေဖြင့် ထိရောက်စွာ ဖော်ထုတ်တားဆီးထိန်းချုပ်နိုင်ရန်စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းပါစည်းကမ်းချက်များနှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန်မူးယစ်ဆေးဝါး၊ စိတ်ကို ပြောင်းလဲစေသောဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် မူးယစ်ဆေးဝါး ၁၃၂မျိုး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါး၁၂၆မျိုးနှင့် ထိန်းချုပ်ဓာတုပစ္စည်း ၃၉မျိုးကို သတ်မှတ်ထားရှိပြီးဖြစ်သည်။

တားဆီးနှိမ်နင်းရေးကဏ္ဍတွင် နိုင်ငံအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများပူးပေါင်း၍ မူးယစ်ဆေးဝါး အထူးစစ်ဆင်ရေးစီမံချက်များချမှတ်ကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၏ တရားမဝင် နယ်စပ်ဝင်ပေါက်များမှ ဖြတ်ကျော်၍ တရားမဝင်မှောင်ခိုသယ်ဆောင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများတွင် မူးယစ်ဆေးဝါးထုတ်လုပ်လျက်ရှိသဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာနိုင်သောလမ်းကြောင်းများအား ပိတ်ဆို့ခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ မူးယစ်ဆေးဝါးချက်လုပ်ခြင်းနှင့် ရောင်းဝယ်ဖြန့်ဖြူးခြင်းပြုလုပ်သည့်နေရာ၊ သယ်ဆောင်ရာလမ်းကြောင်းတို့ကို တားဆီးပိတ်ဆို့ဖမ်းဆီးခြင်း၊ ဘိန်းစိုက်ပျိုးသည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများအား စုံစမ်းဖော်ထုတ်ပြီး ဖျက်ဆီးရှင်းလင်းခြင်းတို့အားဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ၂၀၂၂ခုနှစ်တွင် မူးယစ်ဆေးဝါး အမှုပေါင်း ၆၇၅၉ မှု၊ တရားခံ ၉၆၀၀ဦး၊ တန်ဖိုး ငွေကျပ် ၁၁၂၀ ဘီလီယံကျော်ဖိုး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။




ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၂၂ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ဘိန်း ၂ ဒသမ ၆တန်၊ ဘိန်းဖြူ ၁ ဒသမ ၉ တန်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂သန်းကျော်၊ အိုက်စ် ၂၃ ဒသမ ၆တန်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁ ဒသမ ၂တန်ကျော်၊ ကတ်တမင်း ၂တန်ကျော်၊ ကဖင်း ၁၂တန်ကျော် အပါအဝင် စုစုပေါင်း မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉မျိုး ငွေကျပ် ၁၁၈၈ ဒသမ ၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈) သန်းကျော်ကို ဖျက်ဆီးနိုင်ခဲ့သည်။




မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သုံးစွဲသူကိုယ်တိုင်စွဲလမ်းခြင်း၊ ရောဂါများဖြစ်ပွားခြင်းနှင့် နောက်ဆုံးတွင် သေဆုံးခြင်းတို့ရောက်ရှိသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ အလုပ်ခွင်ပျက်ကွက်ခြင်း၊ အလုပ်ခွင်အန္တရာယ်ဖြစ်စေခြင်းများအပြင် လူမှုအဖွဲ့အစည်းအတွင်းရှိ လူငယ်များ၏စွမ်းအားဆုံးရှုံးခြင်း၊ ကျောင်းနေပျက်ကွက်ခြင်း၊ မိသားစုပြိုကွဲခြင်းများ ဖြစ်ပေါ်ကာ ပြစ်မှုများပိုမိုဖြစ်ပွားခြင်းနှင့်မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးများသည် ပြစ်မှုကျူးလွန်သူများနှင့် သောင်းကျန်းသူအဖွဲ့အစည်းများ၏ အင်အားကို ပိုမိုကြီးထွားစေပြီး ဒေသတွင်းနှင့် နိုင်ငံများ၏လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာစေသည်။

ကျောင်းသားလူငယ်များအား အသိပညာပေးရေးကဏ္ဍတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကြိုတင်ကာကွယ်ရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲသင်ကြားခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ မူးယစ်ဆေးဝါး အသိပညာပေးနံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ Talk Show များ၊ ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့သည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးတွင် ဆေးကုသရေးကဏ္ဍတွင် မူးယစ်ဆေးစွဲရောဂါကုသရေးဌာနများနှင့် မက်သာဒုံးဆေးခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို အိပ်ချ်အိုင်ဗွီရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ အေအာတီဆေး တိုက်ကျွေးကုသပေးခြင်း၊ အသည်းရောင်အသားဝါဘီပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ ကူးစက်မှုမရှိသေးပါက ကာကွယ်ဆေးထိုးပေးခြင်း၊ အသည်းရောင်ရောဂါစီပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ တီဘီရောဂါစစ်ဆေးကုသပေးခြင်း၊ ကာလသားရောဂါ စစ်ဆေးကုသပေးခြင်းတို့ ဆောင်ရွက်ပေးပြီး မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ခု၊ ဌာနငယ် ၅၆ခု နှင့် မက်သာဒုံးဆေးခန်း ၈၆ ခုတွင် မူးယစ်ဆေးစွဲလူနာများအား ကုသပေးနိုင်ခဲ့သည်။

ပြည်လည်ထူထောင်ရေးကဏ္ဍတွင် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးစခန်း ၁၄ခု ဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကြောင်းပညာသင်ကြားပေးခြင်း၊ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုပေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့သည်။

မူးယစ်ဆေးဝါးကင်းစင်သည့် လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရန် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများအား မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို အသိပေးဆုံးမရုံသာမက ၎င်းတို့၏ပြဿနာများနှင့် ၎င်းတို့ကိုယ်တိုင်ကြုံတွေ့နေရသည့် စိတ်ဖိစီးမှုများကို သိရှိနားလည်အောင် ကြိုးစားကြရမည် ဖြစ်သည်။ သို့မှသာ မူးယစ်ဆေးဝါးကဲ့သို့ ဆိုးရွားသည့် ထွက်ပေါက်ကိုမရောက်ရှိအောင် တားဆီးနိုင်ကြမည် ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရပ်ရွာပြည်သူလူထုမှ လျစ်လျူရှုခြင်း အလျဉ်းမရှိဘဲ ကူညီဆောင်ရွက်ပေးသွားကြရမည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအား လူမှုအသိုက်အဝန်းနှင့် ပြန်လည်ပေါင်းစည်းနိုင်စေရန်အတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများကို ထိရောက်စွာပို့ချပေးပြီး ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးမည်ဆိုပါက မူးယစ်ဆေးဝါးကင်းစင်ပြီး သာယာလှပသောလူမှုဘဝများ ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့်အသစ်ပေါ်ပေါက်လာသော မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှေ့ပြေးဓာတုပစ္စည်းများကို ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ကာ ထိန်းချုပ်သွားမည်ဖြစ်သည့်အပြင် ခေတ်မီသော မူးယစ်ဆေးဝါးရှာဖွေသည့် မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းများ စုံစမ်းဖော်ထုတ်သည့်ပစ္စည်းကိရိယာများ၊ နည်းပညာများ အသုံးပြုလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်။ မူးယစ်ဆေးဝါးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်ခြင်းများ လျော့နည်းပပျောက်စေရေး ကုလသမဂ္ဂနှင့် ဒေသတွင်းနိုင်ငံများက ပူးပေါင်းဆောင်ရွက်သွားမည်။

သို့ဖြစ်ပါ၍ မြန်မာတစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးကပါ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးတာဝန်ဖြင့် လက်တွဲပါဝင်ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## လီဝစ်ဒေါ့ဗင် အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၂၄**

အက်စတွန်ဗီလာအသင်းသည် အဲဗာတန်အသင်း တောင်ပံကစားသမား လီဝစ်ဒေါ့ဗင်အား ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၅ပွဲကစားပြီး ၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ လီဝစ်ဒေါ့ဗင်က "ကျွန်တော် အက်စတွန်ဗီလာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အက်စတွန်ဗီလာအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်းတိုက်စစ်မှူး ဂိုကာရက်စ်အား ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။

* ၂၀၂၄ ကိုပါအမေရိကဖလားအုပ်စု (ဂ)ပွဲစဉ်တွင် ဥရုဂွေးအသင်းက ပနားမားအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**

## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၅-၆-၂၀၂၄ အင်္ဂါနေ့ | မွန်းလွဲ ၂း၃၀ နာရီ | ဘရူနိုင်း - မြန်မာ |
| ။ | ည ၇း၀၀နာရီ | ကမ္ဘောဒီးယား - ဗီယက်နမ် |

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်) နိုင်ကမ္ဘာ

### အုပ်စု(က)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ်များ– အာဂျင်တီးနား ၂–၀ ကနေဒါ ပီရူး ချီလီ

### ပီရူး – ကနေဒါ

**ဇွန် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၄း၃၀ နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

၅–၉–၂၀၁၀ ကနေဒါ ၀-၂ ပီရူး (ခြေစမ်းပွဲ)

ပီရူး၏ ခြေစွမ်းက ကနေဒါထက် သာနေသည့်အတွက် ပီရူးတို့ သေချာပေါက် နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

**ပီရူး–နိုင်၊နိုင်၊သရေ၊နိုင်၊သရေ ကနေဒါ–ရှုံး၊နိုင်၊ရှုံး၊သရေ၊ရှုံး**

### ချီလီ – အာဂျင်တီးနား

**ဇွန် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၇း၃၀နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

၂၀၁၆-၁၇ ချီလီ ၁-၂ အာဂျင်တီးနား ၁-၀ ချီလီ (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ)
၇-၇-၂၀၁၉ အာဂျင်တီးနား ၂-၁ ချီလီ (ကိုပါ အမေရိကဖလား တတိယနေရာလုပွဲ)
၂၀၂၁-၂၂ ချီလီ ၁-၂ အာဂျင်တီးနား ၁-၁ ချီလီ (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ)
၁၅-၆-၂၀၂၁ အာဂျင်တီးနား ၁-၁ ချီလီ (ကိုပါ အမေရိကဖလား အုပ်စု)

ချီလီနှင့် အာဂျင်တီးနားတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ ၂၇ ကြိမ် ဆုံတွေ့ခဲ့ရာ ချီလီက ၅ ကြိမ်သာ နိုင်ပြီး ၇ ကြိမ် သရေကျကာ ၁၅ ကြိမ်အထိ ရှုံးနိမ့်ထားသောကြောင့် အစဉ်အလာအရရော ခြေစွမ်းအရပါ အသာရနေသော အာဂျင်တီးနားတို့ အနိုင်ရမည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ချီလီ–ရှုံး၊နိုင်၊ရှုံး၊နိုင်၊သရေ အာဂျင်တီးနား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်**

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ နိုင်ကမ္ဘာ

### အုပ်စု(ဃ)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် – ပိုလန် ၁–၂ နယ်သာလန် ဩစတြီးယား ၀–၁ ပြင်သစ်
ပွဲစဉ်(၂)ရလဒ် – ပိုလန် ၁–၃ ဩစတြီးယား နယ်သာလန် ၀–၀ ပြင်သစ်

### အုပ်စု(ဃ)အမှတ်ပေးဇယား

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | နယ်သာလန် | ၂ | ၁ | ၁ | - | ၂ | ၁ | +၁ | ၄ |
| ၂ | ပြင်သစ် | ၂ | ၁ | ၁ | - | ၂ | ၁ | +၁ | ၄ |
| ၃ | ဩစတြီးယား | ၂ | ၁ | - | ၁ | ၃ | ၂ | +၁ | ၃ |
| ၄ | ပိုလန် | ၂ | - | - | ၂ | ၂ | ၅ | -၃ | - |

### နယ်သာလန် – ဩစတြီးယား

**ဇွန် ၂၅ ရက် (အင်္ဂါနေ့) ည ၁၀း၃၀ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၉၈၄-၈၅ နယ်သာလန် ၁-၁ ဩစတြီးယား ၁-၀ နယ်သာလန် (ကမ္ဘာ့ဖလား ၁၉၈၆ ခြေစစ်ပွဲ)
၂၀၀၂-၀၃ ။ ၃-၁ ။ ၀-၃ ။ (ယူရို ၂၀၀၄ ခြေစစ်ပွဲ)
၁၈-၆-၂၀၂၁ ။ ၂-၀ ။ (ယူရို ၂၀၂၀ အုပ်စု)

ဩစတြီးယား၏ ခြေစွမ်းက မထင်မှတ်ဘဲ ကောင်းမွန်နေသဖြင့် နယ်သာလန်တို့ ခက်ခဲစွာ ကစားပြီးမှသာ ကပ်နိုင်မည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**နယ်သာလန်–ရှုံး၊နိုင်၊နိုင်၊နိုင်၊သရေ ဩစတြီးယား–နိုင်၊နိုင်၊သရေ၊ရှုံး၊နိုင်**

### ပြင်သစ် – ပိုလန်

**ဇွန် ၂၅ ရက် (အင်္ဂါနေ့) ည ၁၀း၃၀ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၁–၇–၁၉၈၂ ပိုလန် ၃-၂ ပြင်သစ် (ကမ္ဘာ့ဖလား ၈၂ တတိယနေရာလုပွဲ)
၁၉၉၄-၉၅ ပြင်သစ် ၁-၁ ပိုလန် ၀-၀ ပြင်သစ် (ယူရို ၉၆ ခြေစစ်ပွဲ)
၄-၁၂-၂၀၂၂ ပြင်သစ် ၃-၁ ပိုလန် (ကမ္ဘာ့ဖလား ၂၀၂၂-၁၆ သင်းအဆင့်)

အုပ်စု(ဃ)၌ အမှတ်မရသေးသော ပိုလန်တို့ ယခုပွဲတွင် ပြင်သစ်ကို ဂိုးပြတ်မရှုံးအောင် ကြိုးစားကစားရမည့်ပွဲဖြစ်ပြီး ပြင်သစ်တို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

**ပြင်သစ်–နိုင်၊နိုင်၊သရေ၊နိုင်၊သရေ ပိုလန်–နိုင်၊နိုင်၊နိုင်၊ရှုံး၊ရှုံး**

### အုပ်စု(ဂ)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် –ဆလိုဗေးနီးယား ၁–၁ဒိန်းမတ် ဆားဗီးယား ၀–၁ အင်္ဂလန်
ပွဲစဉ်(၂)ရလဒ် – ဆလိုဗေးနီးယား ၁–၁ဆားဗီးယား ဒိန်းမတ် ၁–၁ အင်္ဂလန်

### အုပ်စု(ဂ)အမှတ်ပေးဇယား

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | အင်္ဂလန် | ၂ | ၁ | ၁ | - | ၂ | ၁ | +၁ | ၄ |
| ၂ | ဒိန်းမတ် | ၂ | - | ၂ | - | ၂ | ၂ | - | ၂ |
| ၃ | ဆလိုဗေးနီးယား | ၂ | - | ၂ | - | ၂ | ၂ | - | ၂ |
| ၄ | ဆားဘီးယား | ၂ | - | ၁ | ၁ | ၁ | ၂ | -၁ | ၁ |

### အင်္ဂလန် – ဆလိုဗေးနီးယား

ဇွန် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၁း၃၀ နာရီ

နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု

၂၃–၆–၂၀၁၀ ဆလိုဗေးနီးယား ၀–၁ အင်္ဂလန် (ကမ္ဘာ့ဖလား ၂၀၁၀ အုပ်စု)
၂၀၁၄–၁၅ အင်္ဂလန် ၃–၁ ဆလိုဗေးနီးယား ၂–၃ အင်္ဂလန် (ယူရို ၂၀၁၆ ခြေစစ်ပွဲ)
၂၀၁၆–၁၇ အင်္ဂလန် ၁–၀ ။ ၀–၀ ။ (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ)

တစ်ပွဲနိုင်၊ တစ်ပွဲ သရေကျထားသော နာမည်ကြီး အင်္ဂလန်နှင့် နှစ်ပွဲသရေကျထားသော ဆလိုဗေးနီးယားတို့၏ ပွဲတွင် လက်ရှိခြေစွမ်းအရ အင်္ဂလန်တို့ အပြတ်အသာရနေ၍ အင်္ဂလန်အနိုင် သေချာသည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်

အင်္ဂလန်–သရေ၊နိုင်၊ရှုံး၊နိုင်၊သရေ ဆလိုဗေးနီးယား–နိုင်၊နိုင်၊သရေ၊သရေ၊သရေ

### ဒိန်းမတ် – ဆားဘီးယား

**ဇွန် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၁း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၂၀၁၄-၁၅ ဒိန်းမတ် ၂-၀ ဆားဘီးယား ၁-၃ ဒိန်းမတ် (ယူရို ၂၀၁၆ ခြေစစ်ပွဲ)
၂၉-၃-၂၀၂၂ ။ ၃-၀ ။ (ခြေစမ်းပွဲ)

နှစ်ပွဲသရေကျထားသော ဒိန်းမတ်နှင့် တစ်ပွဲသရေ တစ်ပွဲရှုံးထားသော ဆားဘီးယားတို့ပွဲတွင် လက်ရှိခြေစွမ်းအရ ဆားဘီးယားထက် ဒိန်းမတ်က အသာရနေသဖြင့် ဒိန်းမတ်တို့ အနိုင်သေချာသည့်ပွဲဖြစ်ပြီး ဆားဘီးယားအတွက် အမြင့်ဆုံး မျှော်လင့်ချက်မှာ သရေ ရလဒ်ပင်ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ဒိန်းမတ်–နိုင်၊နိုင်၊နိုင်၊သရေ၊သရေ ဆားဘီးယား–နိုင်၊ရှုံး၊နိုင်၊ရှုံး၊သရေ**

# ၂၀၂၄ ခုနှစ် ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ ၊ ဆုများ ချီးမြှင့်

**မြစ်ကြီးနား ဇွန် ၂၄**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီး ဌာနမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ်အကြို တစ်မျိုးသား လုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် ပြည်နယ်အတွင်း စက်ဘီးစီး အားကစားနည်းဖွံ့ဖြိုးတိုးတက်စေ ရန် ရည်ရွယ်၍ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ဇွန် ၂၃ ရက် နံနက် ၆ နာရီမှစတင်ကာ မြစ် ကြီးနားမြို့၊ ဇေရာရပ်ကွက်ရှိ ပြည် နယ် ဘောလုံးအားကစားကွင်းရှိ အဝင်လမ်းမပေါ်တွင် စုရပ်ပြုလုပ် ကာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သေနတ်ပစ်ဖောက်၍ တာလွှတ် ပေးခဲ့သည်။

အဆိုပါ လူထုစက်ဘီးစီးနင်း ပွဲတော်တွင် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးအောင် သူ၊ ကချင်ပြည်နယ် စာကြည့် တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ နှင့် ဒေသခံ စက်ဘီးစီးဝါသနာ ရှင်များနှင့် ကလေးသူငယ်များ အင်အား ၅၄ ဦးက နှစ်သက်ရာ စက်ဘီးများဖြင့် ရုံးကြီးလမ်း၊ ဆွမ်ပရာဘွမ်လမ်းမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း မြို့သစ်ကြီးရပ်ကွက်၊ အောင်ဇေ ရန်အောင် အောင်သပြေတစ်ထောင် စေတီတော်အထိ စီးနင်း၍ လာ လမ်းအတိုင်း ပြန်လည်စီးနင်းကာ ပြည်နယ်အားကစားကွင်းအတွင်း ပန်းဝင်နေရာယူခဲ့ကြသည်။

ဆက်လက်၍ စက်ဘီးစီး ပြည်သူများအား ကံစမ်းမဲနှင့် အမှတ်တရလက်ဆောင်များ ဖွင့် လှစ်ပေးရာ ပြည်နယ်ဝန်ကြီးချုပ် နှင့် တာဝန်သူများက အထူးဆုနှင့် ကံစမ်းမဲရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး စက်ဘီးစီးနင်း ပွဲတော်သို့ ကချင်ပြည်နယ် တရား လွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ပြည်နယ်ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြည့်ရှု ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၄)**






# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော် မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်း၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၊ မန္တလေး တိုင်းဒေသကြီး ဆီကုန်သည်များ နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ် ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများ ကို အထူးသက်သာသောဈေးနှုန်း ဖြင့် တိုက်ရိုက်ရောင်းချမှု အစီ အစဉ်ကို ဇွန် ၂၄ ရက်တွင် မဟာ အောင်မြေမြို့နယ်၊ ချမ်းမြသာစည် မြောက်ရပ်ကွက်၊ အကွက်(၈၃၈)၊ ၄၂လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်း ကြားတွင် နံနက် ၆ နာရီခွဲမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက် ရောင်းချနေမှုအစီအစဉ်ကို မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွား ရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေ စွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက် ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ် ရောင်းချပေးမည့် အစီအစဉ်များ ကို ဇွန် ၂၅ ရက်တွင် ချမ်းမြ သာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက်၊ အကွက်(စစ-၆)၊ ၁၀၆ လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြား တွင်လည်းကောင်း၊ ဇွန် ၂၆ ရက် တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊အကွက်(ဟ-၁၆)၊ ၁၁၇လမ်း၊ ၅၈လမ်းနှင့်လမ်း ၆၀ကြားတွင်လည်းကောင်း၊ ဇွန် ၂၇ရက်တွင် အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ ဝက်ကုန်း ရပ်၊ တမာတန်းလမ်း၊ စစ်ကိုင်း- မန္တလေးလမ်းအရှေ့ဘက်၊ ရှင် ပင်ဆပ်သွားဘုရားအနီးတွင်လည်း ကောင်း၊ ဇွန် ၂၈ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီပိုင်ဈေးများ နှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူး ရောင်းချပေးသော အဆိုပြု ဆီ ဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရ သည်။ **(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

# မန္တလေးနည်းပညာတက္ကသိုလ်တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ဖွင့်လှစ်

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ မှကြီးမှူး၍ ပညာရေးဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်း ဖွင့်ပွဲကို ဇွန် ၂၂ ရက်က ပုသိမ် ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာ တက္ကသိုလ် သင်တန်းခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊ ပုသိမ်ကြီး မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်း ကြက်ခြေနီတပ်ဖွဲ့ မှ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်း ဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်၊ ဒုတိယတိုင်းဒေသ ကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့် သိန်း၊ ပုသိမ်ကြီးမြို့နယ် ကြက် ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် နည်းပြ များက မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ ဖွဲ့စည်းပုံနှင့်ရည်ရွယ် ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦး ပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင် ကြားပို့ချပေးကြောင်း သိရသည်။

**(ယာပုံ)**

**(၀၄၅)**



# ကျေးလက်ကုန်ထုတ်လမ်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေး တွေ့ဆုံညှိနှိုင်း

**မိတ္ထီလာ ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်အတွင်း အကောင်အထည် ဖော် ဆောင်ရွက်မည့် ကျေးလက် ကုန်ထုတ်လမ်းများ သတ်မှတ် ကာလအတွင်း စံချိန်စံညွှန်းနှင့် အညီ ပြီးစီးနိုင်ရေး တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်က အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပ ခဲ့သည်။ **(ဝဲပုံ)**



လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် မိတ္ထီလာခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံ ငွေဖြင့် မိတ္ထီလာခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ကြီးကြပ်မှုအောက်ရှိ မလှိုင် မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များ တွင် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်သွားမည့်အခြေအနေ နှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာ ရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မလှိုင် မြို့နယ်တွင် ခွင့်ပြုရန်ပုံငွေ ၁၃၆ ဒသမ ၄၅၆ သန်းဖြင့် အရှည် ၁/၅ မိုင်ရှိ မြို့ကုန်းကုန်ထုတ် လမ်းဖောက်လုပ်ခြင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အနက် ၃ ပေရှိ Slab culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ပြည့်ဝ ကုမ္ပဏီက ဆောင်ရွက်သွားမည် ဖြစ်ပြီး ဝမ်းတွင်းမြို့နယ်တွင် ခွင့်ပြုရန်ပုံငွေ ၁၃၁ ဒသမ ၉၉ သန်းဖြင့် အရှည် ၁/၅ မိုင်ရှိ ပျားစွဲ(အနောက်) ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အနက် ၃ ပေရှိ Slab culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Myanmar New Power ကုမ္ပဏီ တို့က ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ **(၄၆၉)**

## ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**မြစ်သား ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် အခြေခံပညာကျောင်းများ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းများကို မြစ်သားမြို့နယ်အတွင်းရှိ မင်းလည်အထက်တန်းကျောင်းခွဲ၌ လူဝင်မှုကြီးကြပ်ရေးမှူး ဦးဝေယံနိုင်က ကျောင်းသား၊ ကျောင်းသူ ၆၉ ဦးအားလည်းကောင်း၊ မြို့မ(အ.ထ.က)၌ လူဝင်မှုကြီးကြပ်ရေးမှူး ဦးဝေလင်းအောင်က ကျောင်းသား၊ ကျောင်းသူ ၁၀၃ ဦးအားလည်းကောင်း ၊ လမ်းခွ(အ.ထ.က)၌ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်အိအိထွန်းက ကျောင်းသား၊ ကျောင်းသူ ၁၂၆ ဦးအား ဥပဒေနှင့်အညီ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသား ဖြစ်ခွင့်ရှိသူများအား အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များသက်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးရေးအဖွဲ့များက အကျုံးဝင်သော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၉၈ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မိုးဦးကာလမိုးကောင်းမွန်သဖြင့် ဆီထွက်သီးနှံ မြေပဲ ၊ နှမ်း ၊ နေကြာများ အောင်မြင်ဖြစ်ထွန်း သီးနှံပေါ်ချိန် ဈေးကောင်းရရှိရန် တောင်သူများမျှော်လင့်

**ကျောက်ပန်းတောင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးဦးကာလမိုးကောင်းမွန်စွာရရှိသဖြင့် မြို့နယ်အတွင်း စိုက်ပျိုးထားရှိသည့် ဆီထွက်သီးနှံများဖြစ်သော မြေပဲသီးနှံနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပေါင်းနုတ်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြရာ စိုက်ပျိုးရေး သွင်းအားစု ဈေးများ ကြီးမြင့်လာမှုကြောင့် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရရှိရေး တောင်သူများ မျှော်လင့်နေကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရာသီ သီးနှံများတွင် ဆီထွက်သီးနှံများအဖြစ် မိုးနှမ်းစိုက်ဧက ၁၂၁၁၅၁ စိုက်ပျိုးရန် လျာထားသော်လည်း ၁၁၂၅၂၅ ဧက ပိုမိုစိုက်ပျိုးခဲ့ကြောင်း သိရပြီး မိုးမြေပဲ ၅၈၂၇၁ ဧက စိုက်ပျိုးရန် လျာထားသည့်အနက်မှ ၂၂၁၃၇ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်းနှင့် မိုးနေကြာ ၁၀၃၁၄ ဧက လျာထားသည့်အနက် ၁၁၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ အဆိုပါ စိုက်ပျိုးပြီး သီးနှံများ အားလုံးနည်းပါး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ သီးနှံများအောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းမြက်သုတ်သင်ရှင်းလင်းခြင်း လုပ်ငန်းများကို လုပ်အားဖြင့် ဆောင်ရွက်လျက်ရှိကြရာ ယခုအခါတွင် ပေါင်းနုတ်လုပ်သားတစ်ဦးလျှင် အချို့ကျေးရွာများတွင် တစ်နေကုန် ငွေကျပ် ၈၀၀၀ ပေးရပြီး အချို့ကျေးရွာများတွင် တစ်နာရီ ငွေကျပ် တစ်ထောင်နှုန်းဖြင့် လူတစ်ဦးလျှင် (၁၀)နာရီအတွက် ငွေကျပ် တစ်သောင်းပေး၍ ငှားရမ်းလုပ်ကိုင်ကြရကြောင်း သိရသည်။

(၄၅၆)

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဟောပြော



**မန္တလေး ဇွန် ၂၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport) ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသား၊ သင်တန်းသူများအား အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကြက်တောင်အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့် အားကစားပညာ အထူးပြုဘာသာရပ် B.Sc (Sport)ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များ ပြောကြားပြီး အား၊ကာသိပ္ပံ(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ ဖြစ်ပေါ်လာပုံနှင့် ရောမအိုလံပစ်အားကစားပွဲများအကြောင်း အသိပညာပေး ဟောပြောပြီး ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## တောင်ရိုးတိုင်းရင်းသား ရိုးရာဂျပ်ခုတ်ရက်လက်မှုပညာသင်တန်းဆင်းပွဲ ကျင်းပ

**ပင်းတယ ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စု၊ ရှော်ပင်ကျေးရွာရှိ ရေဂနိုင်သဘာဝရေထွက်တောရဘုန်းတော်ကြီးကျောင်း၌ ဒေသနေ တောင်ရိုးတိုင်းရင်းသားများ၏ ရေးရိုးရာမပျက် လက်ရက်ကန်းဖြင့် တိုင်းရင်းသားဝတ်စုံချုပ်နည်း တောင်ရိုးတိုင်းရင်းသားရိုးရာ ဂျပ်ခုတ်ရက်လက်မှုပညာသင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ တောင်ရိုးတိုင်းရင်းသား ရိုးရာဂျပ်ခုတ်ရက် လက်မှုပညာသင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းအောင် တောင်ရိုးတိုင်းရင်းသူလေးများအား သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလက်မှတ်များကို ပင်းတယမြို့နယ် တောင်ရိုးတိုင်းရင်းသားများအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်၍လည်းကောင်း၊ သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့သည်။

(အောက်ပုံ)

ဓနုဒေသ၊ ပင်းတယမြို့နယ်တွင် ပထမအကြိမ် တောင်ရိုးတိုင်းရင်းသားရိုးရာဂျပ်ခုတ်ရက်လက်မှုပညာသင်တန်းကို မတ်လမှစတင်၍ ယနေ့အထိ ဖွင့်လှစ်သင်ကြားပို့ချပေးမှုကို တောင်ရိုးတိုင်းရင်းသားများ(ဗဟို)အဖွဲ့ချုပ်မှ ဦးစီးဆောင်ရွက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ပထမအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည်။ ဓနုဒေသ၊ ပင်းတယမြို့နယ်တွင် မှီတင်းနေထိုင်ကြသော တောင်ရိုးတိုင်းရင်းသားများ၏ ရေးဘိုးဘွားဘီဘင် လက်ထက်မှစတင်၍ မိရိုးဖလာ အမွေအနှစ် လက်မှုပညာတစ်ခုဖြစ်သော ဂျတ်ခုတ်ရက် ကျွမ်းကျင်တတ်မြောက်သည့်မြို့နယ် ကူးကော်ကျေးရွာအုပ်စု၊ ရှမ်းရွာမှ လက်မှုပညာရှင် ဆရာမ ဒေါ်သိန်းဝေက ပင်းတယမြို့နယ်ရှိ ရှောက်ပင်ကျေးရွာ၊ ကုန်းသာကျေးရွာ၊ အင်းပလက်ကျေးရွာ၊ ရှားပြားကျေးရွာနှင့် ကလောမြို့နယ် တောင်ရိုးမြေခြားချိမ့်ကျေးရွာများမှ တောင်ရိုးတိုင်းရင်းသူ စုစုပေါင်း ၂၀ ဦးတို့က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သင်တန်းနည်းပြဆရာမထံမှ သိရသည်။ (၃၃၈)





## သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေး ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အရှေ့ဘက်ပတ်လမ်း သင်္ဂဇာချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို Longarm စက်နှင့် ဝိုးဘက်ဟိုးစက်နှစ်စီး အသုံးပြု၍ ၂၂လမ်းနှင့်၂၃လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၅လမ်းနှင့်၂၆လမ်းကြားတွင် PC-200 စက် အသုံးပြု၍ ဗေဒါနှင့် ဒိုက်များကို ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

(အပေါ်ပုံ)

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းသာယာလှပရေးအတွက် ၂၆လမ်းထိပ် ချောင်းအတွင်း ဝဲ၊ ယာမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၃)

# စာအုပ်စာစောင်ပြပွဲ ပြုလုပ်

**တောင်တွင်းကြီး ဇွန် ၂၄** မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community centre)တွင် ယမန်နေ့နံနက် ၁၀ နာရီက စာအုပ်စာစောင်ပြပွဲ ပြုလုပ်ခဲ့သည်။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး

အဆိုပါ စာအုပ်၊စာစောင်ပြပွဲအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်း ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ မြို့နယ် ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေဖတ်ရှုသည့်အလေ့အထမှ အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေဗဟုသုတကြွယ်ဝစေရန်နှင့် စာအုပ်စာစောင်များအား တန်ဖိုးထားတက်စေရန် ရည်ရွယ်၍ စာအုပ်၊ စာစောင်ပြပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ လာရောက်မဖတ်ရှုနိုင်သည့် စာပေချစ်မြတ်နိုးသူများအတွက်လည်း Mobile Library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။ (အပေါ်ဝဲပုံ)



အဆိုပါစာအုပ်စာစောင်ပြပွဲတွင် သုတ၊ ရသ၊ ရုပ်ပြစာအုပ်စာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ် ၅၀ ဦးခန့်က စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ဇွန် ၂၂ ရက်က ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပုသိမ်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ (ယာပုံ)

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ မန္တလေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးမှူး ဦးဌေးလွင်နှင့်ဝန်ထမ်းများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ခိုင်နှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦးအား ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

(ဝ၄၅)

သန့်ရှင်းသာယာ

မန္တလာ

ပိုင်းဝန်း

ထိန်းသိမ်းပါ။



## နန်းမှုဟန်သွေး မြို့မန္တလေး

\- - - - - - - - - - - - -

* ရာဇဝင်တွေ မြုပ်နှံထားလို့
ပြည့်ဂုဏ်ကြွား အစဉ်မြဲသာ ။
အရှေ့ဘက်မယ် ရှမ်းရိုးမ
အုံ့ဆိုင်းလှဖြာ ။
အနောက်အရပ် မြစ်ရော
ရစ်ခွေစွာ စောင့်ရှောက်ပေး ။
မြို့အင်္ဂါကျုံးလေးဖက်နဲ့
ပတ်လွှာယှက်ထွေး ။

* အောင်ကျော်ချမ်းအေး မန္တလေးလို့
တဘောင်ပေး မြို့နန်းအမည် ။
တစ်ထောင်နှစ်ရာ နှစ်ဆယ့်တစ်
ကုန်းဘောင်ခေတ်တည် ။
အမျိုးစဉ်ဆက် နန်းမှုသည်
သိမ်မွေ့ရည် စိတ်ထားလှ ။
သာသနာ ရောင်ဝါလွှမ်းလို့
အေးချမ်းသာစွ ။

* ညိုပြာညက် အသားရောင်ခလို့
ကြည်လင်ပ စိတ်နေအစဉ် ။
နှုတ်ချိုသာ ပြောဆိုကျူး
ရွှင်မြူးခင်မင် ။
ဒုဋ္ဌဝတီမြစ် ရေအလျဉ်
ကွေ့ဝိုက်ဆင် စီးဆင်းပြု ။
အညာမြေ စိမ်းစိုဝင်းသမို့
ပြည့်လင်းဂုဏ်စု ။

* ဟိုဝေးဝေးက မန်းမြေရှုပေါ့
ဖွံ့ဖြိုးမှု ရွှေအဆင်းရည် ။
ပန်းချီဆရာ ဆေးခြယ်မှုန်း
ရှုံးရပေသည် ။
နန်းဟန်သွေးနဲ့ စံထားတည်
မြန်မာပြည် ဂုဏ်ရောင်ထွန်း ။
တို့ထီးနန်း တို့ကြငှန်းကိုလ
(ဂန္ထဝင် ကလောင်သွေးရယ်နဲ့)
ဆင့်ထမ်းဖော်ညွှန်း ။

**မင်းမြတ်မိုး(မန်းမြေ)**




## မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာငွေများ လစဉ်ပုံမှန်ထုတ်ပေး

**မြစ်သား ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဇွန်လအတွက် ပင်စင်လစာငွေများကို ဇွန် ၂၁ ရက် နံနက် ၆ နာရီက ဘဏ်ဝန်ထမ်းများမှ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာလာရောက်ထုတ်ယူရာတွင် အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ကာ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားဝန်ထမ်းများကို နေ့စဉ်တုံကင်စနစ်ဖြင့်သတ်မှတ်၍ လစဉ်ပုံမှန်ရုံးဖွင့်ရက် ၂၁ရက်မှစတင် ထုတ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း ဘဏ်ဖွင့်ချိန်အတွင်း အငြိမ်းစားပင်စင်စားများအနေဖြင့် လာရောက်ထုတ်ယူလျက်ရှိသည်။ ပင်စင်လစာငွေများအား မိမိကိုယ်တိုင်သော်လည်းကောင်း၊အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့် ၎င်းတို့မိသားစုဝင်တစ်ဦးမှ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားလာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (ယာပုံ)

**ရဲနိုင်ဦး(မြစ်သား)**



## သတင်းပဒေသာ

### အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဇွန်၂၀ရက် နံနက် ၉နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပျိုးပင်ပေါင်း (၂၀၀၀၀)ပျိုးထောင်ထားရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အခမဲ့ရယူစိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ ထင်းအစားထိုးနှင့် အရိပ်ရပျိုးပင်များကို မိုင်းခတ်မြို့နယ် သစ်တောဦးစီးဌာနတွင် ပျိုးပင်ပေါင်း (၂၀၀၀၀) ပျိုးထောင်ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာပတ်ရှိနှုန်းမြှင့်တင်ရေး စာပတ်ပိုင်းအခမ်းအနား ကျင်းပ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတများ ပြည့်ဝစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းအခမ်းအနားကို ဇွန် ၂၁ရက် နံနက်(၉)နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ ရပ်မိရပ်ဖများမှ ဦးဆောင်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်ရှိ၊ ဟိတကာရီခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန် မြှင့်တင်ရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ အမှတ်(၃)ရပ်ကွက်၊ မဒေးဝအခြေခံပညာမူလတန်းကျောင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၁၂နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် (၁၀) နာရီက စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက တန့်ယန်း-မိုင်းကောင် ကားလမ်းဘေးရှိ ထင်းရှူးစိုက်ခင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရတနာရန်နိုင်စေတီတော် ထီးတော်တင်လှူပူဇော်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်း၊ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**နောင်တရား ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နောင်တရားမြို့၌ ရတနာရန်နိုင်စေတီတော် ထီးတော်တင်လှူပူဇော်ပွဲကို နယုန်လပြည့် နံနက် ၈ နာရီခွဲတွင် ဆရာတော်ကြီးများနှင့် အလှူ့ဒါယကာ၊ ဒါယိကာမများက ထီးတော်တင်လှူပူဇော်သည်။

ရှေးဦးစွာ ရတနာရန်နိုင်စေတီတော် ထီးတော်တင်လှူပူဇော်ပွဲနှင့် ရွှေဘုန်းပွင့်စေတီတော်၌ အသံမစဲ မဟာပဋ္ဌာန်း၊ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲပြီးမြောက်ခြင်းအတွက် နောင်တရားမြို့ အလှူ့ဒါယကာ၊ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်ကြီးထံမှ ငါးပါးသီလကို ခံယူဆောက်တည်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နာယူမှတ်သားကာ မိမိတို့ပြုလုပ်သည့် ကုသိုလ်တော်ကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

အဆိုပါ ရွှေဘုန်းပွင့်စေတီတော်၌ ကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်း၊ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲကို အကြိမ်(၃၀) မြောက် ပြည့်မြောက်ကျင်းပခဲ့ပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)



## နယ်စပ်၊ တောင်တန်းဒေသရှိ သာသနာပြုကျောင်း ၁၇၈၀ကျောင်းသို့ ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများ လှူဒါန်းမည်

**မန္တလေး ဇွန် ၂၄**

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲသော နယ်စပ်၊ တောင်တန်းဒေသနှင့်ကမ်းရိုးတန်းဒေသတွင် သာသနာပြုနေသော ဘုန်းကြီးကျောင်း ၁၇၈၀ကျောင်းမှ သီတင်းသုံးနေသော သံဃာတော်များကို ဝါတွင်းသုံးလအစား အသောက် အခက်အခဲမရှိစေရန် ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများ လှူဒါန်းမည်ဖြစ်သည်။

"ဒီနှစ်သာသနာပြုဘုန်းကြီးကျောင်း ၁၇၈၀ကျောင်းကို ဝါဆိုဆန်အပြင် ဝါဆိုသင်္ကန်းလည်း လှူဒါန်းသွားမှာပါ၊ ကျောင်းတစ်ကျောင်းကို ဝါဆိုဆန်တစ်အိတ်နဲ့ ဝါဆိုသင်္ကန်းတစ်ထည် လှူဒါန်းမှာပါ" ဟု နယ်စပ်၊ တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

အဆိုပါ ဝါဆိုဆန်လှူဒါန်းမှုတွင် ကုသိုလ်ပြုပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဝါဆိုဆန်တစ်အိတ်လျှင် ငွေကျပ်တစ်သိန်း၊ ဝါဆိုသင်္ကန်းတစ်ထည်လျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ဖြစ်စေ၊ မိမိတတ်စွမ်းသမျှ သဒ္ဒါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ရာ ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၇၅၁၅၁၆၂၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကဆ)**



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မဟာမြိုင်ဝန်ထမ်းအိမ်ရာမိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၈၄)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားမျှစ်ချဉ်ချက်၊ ငရုတ်သီးငါးပိချက်တို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များအား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်းဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေများ လှူဒါန်း

**မန္တလေး ဇွန် ၂၄**

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကန့်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်နေ ဆရာကြီးဦးအောင်မိုး (ရူပဗေဒ)အား ရည်စူး၍ ဦးစံတင်+ဒေါ်အေးအေး(ရူပဗေဒ) (သား)ဒေါက်တာစည်သူအောင်+ဒေါက်တာအောင်အောင်နွယ် (အထက်မြန်မာပြည် စိမ်းပြာရေညို တာဝန်ခံ)မိသားစုက ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယကဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်၊ ဘဏ္ဍာရေးမှူးဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်မိသားစုသည် မန္တလေးတက္ကသိုလ်ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ စတုတ္ထအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေပဒေသာပင် ငွေကျပ် သိန်း ၄၀ လှူဒါန်းခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစ၍ ၂၀၂၄ခုနှစ် ဇွန် ၂၃ ရက်အထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၂၉၂ ဦးတို့အားကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ငွေကျပ် ၃၆၆သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**


တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်းရလိမ့်။

# မိုးရာသီနှင့် ယင်ကောင်အန္တရာယ်

### ယင်ကောင်အကြောင်း သိကောင်းစရာ

ယင်ကောင်ကို ပါဏဗေဒ အလိုအရ မတ်စကဒိုမက်စတိကဟု ခေါ်သည်။ ယခင်က ယင်ကောင်သည် ဘေးမပြုတတ်၊ အနှောင့်အယှက်ကိုသာ ဖြစ်စေနိုင်သည်ဟု ထင်မှတ်ခဲ့ကြသည်။ နှစ်ဆယ်ရာစုနှစ်သို့ ရောက်လာသောအခါတွင်မှ ယင်ကောင်များသည် ရောဂါပိုးများကို သယ်ဆောင်လာပြီးလျှင် လူများကို သေစေနိုင်သည့် ရောဂါများဖြစ်စေနိုင်ကြောင်းကို သိလာကြသည်။ အမှန်မှာ ယင်ကောင်သည် လူ၏ ကြောက်မက်ဖွယ်အကောင်းဆုံး ရန်သူများတွင် ပါဝင်နေပေသည်။ ယင်ကောင်တစ်ကောင်ကို အဏုကြည့်မှန် (မိုက်ခရိုစကုပ်)ဖြင့် ကြည့်လျှင် ခြေသည်း၊ လက်သည်းများ၊ ခြေထောက်အောက်ဘက်ရှိ အခံပြားကလေးများနှင့် ခန္ဓာကိုယ်တွင် အမွေးအမှင်များရှိနေ၍ လျှာတွင်လည်း စေးကပ်သောအရည်များရှိနေသည်ကို မြင်ရပေလိမ့်မည်။ ထိုအမွေးအမှင်များနှင့် လျှာတို့၌ ကပ်နေသော ဖုန်မှုန့်ကလေးများတွင် တိုက်ဖိုက်(အူရောင်ငန်းဖျား)ရောဂါပိုးများပါနေသည်ကို အားကောင်းသည့် မှန်ဘီလူးဖြင့်ကြည့်မှသာ မြင်နိုင်သည်။ ယင်ကောင်သည် ဥဘဝမှ လောက်ဘဝ၊ လောက်ဘဝမှ ပိုးတုံးလုံးဘဝ၊ ပိုးတုံးလုံးဘဝမှ ယင်ကောင်ဘဝသို့ ဘဝသုံးမျိုးပြောင်းလဲ၍ ဖြစ်ပေါ်လာသည်။ ယင်မတစ်ကောင်သည် ပျမ်းမျှအားဖြင့် ငါးရက်လျှင်တစ်ကြိမ်ကျ ဥ ဥချလေ့ရှိပြီး၊ တစ်ကြိမ်လျှင် ဥပေါင်း ၁၀၀-၁၅၀ ခန့်အထိ ရှိတတ်ကာ အစုလိုက်အပြုံလိုက် တစ်နေရာတည်းမှာ ဥချလေ့ရှိသည်။ ယင်မများသည် သန့်ရှင်းခြောက်သွေ့သောနေရာတွင် ဥချလေ့မရှိဘဲ လူနှင့်တိရစ္ဆာန်တို့၏ မစင်များ၊ ပါးစပ်မှ ထွေးထုတ်လိုက်သော ချွဲသလိပ်များ၊ တိရစ္ဆာန်အသေအပုပ်ကောင်များ၊ သစ်သီးသစ်ရွက်အပုပ်အသိုးများ၊ အမှိုက်ပုံးများနှင့် မစင်အညစ်အကြေးရှိရာ နေရာများတွင်သာ ဥများကို ဥချလေ့ရှိသည်။ ၄င်းဥများသည် အလွန်သေးငယ်ပြီး လုံးရှည်ရှည်သဏ္ဌာန်ရှိသည်။ ယင်မတစ်ကောင်၏အရွယ်အစားပေါ်မူတည်၍ ထိုယင်မ၏သက်တမ်း နှစ်လတာကာလအတွင်း ဥပေါင်း ၁၀၀၀ မှ ၃၀၀၀ ကျော်အထိ ဥချနိုင်စွမ်းရှိသည်။

### ဥဘဝမှ လောက်ကောင်ဘဝ

ယင်ဥတွေသည် အညစ်အကြေးများရှိရာနေရာတွင် ဥပြီးသည့်အချိန်မှစ၍ နောက် ၁၂ နာရီအတွင်း လောက်ကောင် ဘဝသို့ ကူးပြောင်းသွားကြသည်။ လောက်တစ်ကောင်၏ အရွယ်အစားသည် ပျမ်းမျှ ၁/၄ လက်မခန့် ရှည်မျောမျော သဏ္ဌာန်ရှိပြီး၊ ဦးခေါင်းပိုင်းမှာ ချွန်၍ အမြီးပိုင်း(ဖင်ပိုင်း)မှာ လုံးဝိုင်းနေသည်။ ခန္ဓာကိုယ်မှာ အဆစ် ၁၂ ပိုင်းရှိသည်။ တစ်နေရာမှ တစ်နေရာသို့ တွားသွားလေ့ရှိပြီး အချိန်ရှိသ၍ အညစ်အကြေးများကိုသာ အစာအာဟာရအဖြစ် မှီဝဲနေကြသည်။ သူတို့သည် တစ်နေ့တခြားကြီးထွားလာကြပြီး ရက်သတ္တ နှစ်ပတ်၊ သုံးပတ်ကြာသောအခါ အစွမ်းကုန်ကြီးထွားလာပြီးနောက် လုံးဝအစာမစားတော့ဘဲ သုံးလေးရက်ခန့် ငြိမ်သက်နေကြသည်။ ထိုအချိန်သည် ပိုးတုံးလုံးဘဝသို့ရောက်ရန် အားယူချိန်ဖြစ်သည်။

### လောက်ကောင်ဘဝမှ ပိုးတုံးလုံးဘဝ

ပိုးတုံးလုံးဆိုသည်မှာ လောက်ကောင်ဘဝမှ ငြိမ်သက်စွာနေပြီးနောက် ဖြစ်ပေါ်လာသော အဖြူရောင် ရှည်ရှည်ဝိုင်းဝိုင်းလေးများ ဖြစ်သည်။ အစပထမတွင် အရောင်ဖြူနေရာမှ နောက်ပိုင်းမှာ အရောင်ညိုလာသည်။ ပိုးတုံးလုံးဘဝမှာ အစာမစားတော့ဘဲ အသက်ပဲ ရှူသည်။ ပိုးတုံးလုံး၏ အပေါ်ယံအခွံသည် အနည်းငယ်မာလာပြီးနောက်၊ ယင်းအခွံတွင်းမှာ ယင်ကောင်၏ ခြေ၊ လက်၊ ဦးခေါင်းအင်္ဂါရပ်များ တဖြည်းဖြည်းပီပြင်လာရန် ၇ ရက်မျှ အချိန်ယူရသည်။ ယင်ကောင်၏အင်္ဂါရပ်များ ပြည့်စုံသွားသောအခါ ၄င်းယင်ကောင်ပေါက်စသည် ပိုးတုံးလုံး၏အခွံကို ဖောက်ထွင်းပြီး ပြင်ပသို့ အတောင်ပံခတ်၍ ပျံသန်းသွားသည်။

### ပိုးတုံးလုံးဘဝမှ ယင်ကောင်ဘဝ

ယင်ကောင်များသည် အထက်ပါဖြစ်စဉ်အတိုင်း ပိုးတုံးလုံး၏အခွံမာကို ဖောက်ထွက်လာသည့်အချိန်မှစ၍ သက်တမ်းကုန်ဆုံးသွားသည့်အချိန်ထိ မစင်နှင့်အညီအဟောက် အပုပ်အသိုးများပေါ်တွင် နားလိုက်၊ စားလိုက်၊ အန်ချလိုက်ဖြင့် ဤနည်းအတိုင်း အရပ်ရှစ်မျက်နှာသို့ လူးလာခေါက်ပြန် ပျံသန်းလေ့ရှိကြသည်။ ယင်ကောင်များသည် ၄င်းတို့ကိုယ်ပေါ်ရှိ နှုတ်သီး၊ ဦးမှင်၊ ခြေထောက်ဖြင့် မစင်ရှိရာနှင့် အပုပ်အသိုးရှိရာ နေရာများတွင် ရပ်နားလိုက်စဉ် ရောဂါပိုးမွှားများသည် ယင်ကောင်နှင့်တစ်ပါတည်း တွယ်ကပ်ပါသွားကြသည်။

### မိုးရာသီနှင့် ယင်ကောင်အန္တရာယ်

ယင်ကောင်များသည် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး လူသားတွေကို ရောဂါဖြစ်အောင် အမြဲဆောင်ကြဉ်းပေးနေသော မိစ္ဆာသတ္တဝါများဖြစ်ကြပြီး၊ အထူးသဖြင့် မိုးဦးရာသီမှာ အလွန်ပေါများစွာ တွေ့ရသည်။ မိုးဥတုတွင် သရက်၊ နာနတ်၊ ပိန္နဲ၊ ဒူးရင်း၊ ကနစို စသည့် ရာသီစာ သစ်သီးဝလံများပေါများကြသလို၊ သားငါးပုစွန်များလည်း ပေါများချိန် ဖြစ်သည်။ အညီအဟောက် ကြိုက်တတ်သော ယင်ကောင်များအတွက် မိုးရာသီမှာ အထူးများပြားစွာ ပေါက်ပွားလာကြသည်။

### ယင်ကြောင့်ဖြစ်သော ရောဂါများ

မြန်မာပြည်သူပြည်သားများအနေဖြင့် ယင်ကောင်တွေကို နေ့စဉ်မြင်တွေ့နေကျဖြစ်၍ အထူးတလည် ကြောက်စရာမလိုဟု ထင်မှတ်နေကြသော်လည်း ကျန်းမာရေးရှုထောင့်မှကြည့်မြင်တတ်မှသာ မိမိအန္တရာယ်ကို သိမြင်နိုင်မှာ ဖြစ်သည်။ လူတို့စားသောက်မည့် ထမင်းဟင်းလျာများ၊ သစ်သီးဝလံများ၊ မုန့်ပဲသရေစာများပေါ်ကို ယင်ကောင်များလာရောက်နားလိုက်သောအခါ ၄င်းသတ္တဝါတို့၏ ခန္ဓာကိုယ်ပေါ်မှာ တွယ်ကပ်ပါလာသော ပိုးမွှားတို့သည်လည်း လူတို့၏အစားအစာပေါ် ကျန်ရစ်နေခဲ့သည်။ ထို့ကြောင့် ယင်နားထားသော အစားအစာကို စားမိသောအခါ ကာလဝမ်းရောဂါ၊ တိုက်ဖိုက်(ခေါ်)အူရောင်ငန်းဖျားရောဂါ၊ အထက်လန်အောက်လျှော(ခေါ်)ရေငတ်ဝမ်းကျရောဂါ၊ ဝမ်းဖောဝမ်းရောင်၊ သွေးဝမ်း(ခေါ်)ဝမ်းကိုက်ရောဂါ စသည်တို့ ဖြစ်ပေါ်လာသည်။ ၄င်းရောဂါများသည် ကပ်ရောဂါသဖွယ် လူသားမျိုးနွယ်တွေကို ဒုက္ခပေးတတ်သည်။ ၄င်းကူးစက်ရောဂါတွေ ကင်းဝေးစေနိုင်သည့် အဓိကသော့ချက်မှာ ထိုရောဂါတွေမဖြစ်ခင် ကြိုတင်ကာကွယ်နည်းသာ ဖြစ်သည်။ ထိုသို့ ကြိုတင်ကာကွယ်ရန်အတွက် မူလတရားခံဖြစ်သော ယင်ကောင်အန္တရာယ်ကို ရှေးဦးစွာ ကာကွယ်ထားကြရမည် ဖြစ်သည်။

### ရှောင်ရှားကြပါ ယင်နားစာ

ယင်ကောင်တစ်ကောင်သည် ဘက်တီးရီးယားများ၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးကောင်ဥများ အပါအဝင် ရောဂါများဖြစ်စေနိုင်သော ပိုးမွှားကောင်ရေ ၁၀၀ ထက်မနည်းကို သယ်ဆောင်ထားလေ့ ရှိသည်။ အစားအစာများပေါ် ယင်ကောင်နားပြီးသည်နှင့် တစ်ပြိုင်နက်၊ ၄င်းယင်ကောင်သည် သူ၏ညစ်ပေသော လက်တံများဖြင့် အစားအစာတွေကို ပွတ်သပ်၍ စူးစမ်းသည်။ ပြီးနောက် ထိုအစားအစာကို အလွယ်တကူ စုပ်ယူနိုင်ရန်အတွက်၊ ယင်ကောင်က ဦးစွာ အန်ထုတ်ကာ အစားအစာတွေကို အရည်အဖြစ် ပြောင်းလဲလိုက်သည်။ ယင်ကောင်၏အန်ဖတ်များထဲမှာ ၄င်းနောက်ဆုံးစားထားသော အနိဋ္ဌာရုံအစာများ ဖြစ်တာကြောင့်၊ ယင်ကောင်၏ခန္ဓာကိုယ်တွင် ကပ်ပါလာသော ပိုးမွှားများထက်ပင် ယင်ကောင်၏အန်ဖတ်က ပို၍ အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ပြင် ယင်ကောင်၏အစာအိမ်ထဲမှာ ရောဂါပိုးမွှားတွေ အများအပြားရှိကြသည်။ ၄င်း၏အန်ဖတ် အစအနများနှင့်တကွ မတူညီသောနေရာများစွာပေါ်မှာ ရပ်နားခဲ့ခြင်းတို့ကြောင့် ၄င်းယင်နားစာများကို စားသောက်မိသူများအတွက် ကျန်းမာရေးအန္တရာယ် အမျိုးမျိုး ဖြစ်စေနိုင်သည်။ သတိပြုရမည့်အချက်မှာ ယင်ကောင်များသည် အစားအစာပေါ်များတွင်သာ နားလေ့ရှိတာမျိုး မဟုတ်ဘဲ၊ အစားအစာများနှင့်ဆက်စပ်နေသော အခြားမသန့်ရှင်းသော နေရာတွေပေါ်မှာလည်း နားလေ့ရှိသည်။ ထို့ကြောင့် ယင်ကောင်ဆိုသော သတ္တဝါသည် ရောဂါပိုးမွှားများကို အဓိကသယ်ဆောင်သည့် အင်းဆက်ပိုးဖြစ်သည်။ အထူးသဖြင့် ယင်ကောင်အလွယ်တကူ နားနေနိုင်သော လမ်းဘေးဈေးသည် အစားအစာများသည် သန့်ရှင်းမှု လွန်စွာအားနည်းသည့်အတွက် ရှောင်ရှားသင့်ပါသည်။

### ယင်ကောင်ရန်မှ ကာကွယ်နည်း

* ယင်ကောင်အန္တရာယ်မှ ကင်းဝေးဖို့အတွက် တစ်ဦးတစ်ယောက်ထဲနှင့် မရနိုင်ပါ။ အိမ်ထောင်စုတိုင်း၏ စုပေါင်းအားဖြင့် လုပ်ဆောင်ပေးကြဖို့ လိုပါသည်။

* ယင်ကောင်တွေနှစ်သက်သော ဥပမာ - သရက်သီးအခွံနှင့် နာနတ်သီးခွံတို့လို စွန့်ပစ်အစားအစာတွေကို ပလပ်စတစ်အိတ်နှင့် လုံအောင်ထုပ်၍ အမှိုက်ပုံးထဲ စနစ်တကျစွန့်ပါ။ ချက်ချင်းမစားဖြစ်သေးပါက၊ ရေခဲသေတ္တာထဲတွင် သိမ်းပါ(သို့မဟုတ်)လေဝင်လေထွက်ကောင်းကာ ယင်မနားနိုင်သည့် အုပ်ဆောင်းဖြင့် ဖုံးအုပ်ထားပါ။

* အစားအစာအားလုံးကို ယင်ကောင်၊ ပိုးဟပ်၊ ပုရွက်ဆိတ်၊ ကြွက် စသည့် ပိုးမွှားတိရစ္ဆာန်များနှင့် ခွေး၊ ကြောင်စသည့် အိမ်မွေးတိရစ္ဆာန်များ လက်လှမ်းမမီနိုင်အောင် သိမ်းဆည်းပါ။ ကြောင်အိမ်ကို လုံအောင်ပိတ်ထားပါ။

* စားသောက်ပြီးနောက် ပန်းကန်ခွက်ယောက်များကို အကြွေးမထားဘဲ ချက်ချင်းဆေးပါ။ သို့မဟုတ်ပါက ပေကျံနေသော ၄င်းပန်းကန်ခွက်ယောက်တွေက ကြွက်၊ ပုရွက်ဆိတ်၊ ယင်ကောင်တွေကို ဖိတ်ခေါ်ရာရောက်သည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ချက်ချင်းမဆေးကြောနိုင်သေးပါက ကြောင်အိမ်(သို့မဟုတ်)အုပ်ဆောင်းဖြင့် လုံခြုံအောင်သိမ်းထားပြီးနောက်၊ အသိုးနံ့ပျောက်အောင် ရေနွေးလောင်း၍ ဆေးကြောသန့်စင်ပါ။

* မီးဖိုချောင်ထွက် စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်သရိုက်တွေကို ရေမြောင်းများတွင် မစွန့်ပစ်ဘဲ သတ်မှတ်ထားသော အမှိုက်ပုံးများသို့ စနစ်တကျ စွန့်ပစ်ပါ။

* ဖြစ်နိုင်ရင် ရေလောင်းအိမ်သာကိုသာ သုံးပါ။ အကယ်၍ ရေလောင်းအိမ်သာ မသုံးစွဲနိုင်ပါက၊ 'ယင်လုံမြေတွင်းအိမ်သာ'ကို သုံးပါ။(ယင်လုံ မြေတွင်းအိမ်သာဆိုသည်မှာ မြေကြီးအတွင်းသို့ ခပ်နက်နက်တူးထားသော အိမ်သာဖြစ်ပြီး၊ မြေကြီးတွင်းဝနှင့် အိမ်သာအောက်ခြေတို့အကြား ယင်ကောင်များမဝင်စေရန် မြေကြီးများဖို့ခြင်း(သို့မဟုတ်) ဝါး၊ ကျူထရံများကာရံထားခြင်း ဖြစ်သည်။ အိမ်သာအတွင်းရှိ လူထိုင်သော ယိုပေါက်ကို အဖုံးဖြင့်ပြန်ပိတ်ထားခဲ့ခြင်းအားဖြင့် ယင်ကောင်ပေါက်ပွားခြင်းမှ ကာကွယ်နိုင်မည် ဖြစ်သည်။)

* ယင်ဥများ၊ လောက်ကောင်များ၊ ပိုးတုံးလုံးများ သေစေနိုင်သည့် ပိုးသတ်ဆေးသုံးပါ။ (ဥပမာ - ဘယဆေးဆိုင်တွေမှာရနိုင်သော လက်ချားပိုးသတ်ဆေး တစ်ပေါင်ကို ရေ ၆ ဂါလန်ရော၍ အိမ်သာတွင်းထဲသို့လည်းကောင်း၊ အိမ်ပြင်ဝန်းကျင်ရှိ ရေမြောင်းများ၊ အမှိုက်ပုံးနှင့် အမှိုက်ပုံများသို့ သုံးရက်လျှင် တစ်ကြိမ် ဆေးပက်ဖျန်းပေးပါ)

* အကယ်၍ ပိုးသတ်ဆေး အလွယ်တကူမရနိုင်ပါက ထုံးမှုန့် (သို့မဟုတ်) ရေနံချေး (သို့မဟုတ်) မီးဖိုမှပြာ (သို့မဟုတ်) ဖွဲဆပ်ပြာတို့ကို မြေတွင်းအိမ်သာထဲသို့ နေ့စဉ်သော်လည်းကောင်း၊ သုံးရက်လျှင် တစ်ကြိမ်ခန့် ဖြူးပေးပါ။

* မိမိနေထိုင်ရာအိမ်တွင် ခမ်းနားသော အိမ်ထောင်ပရိဘောဂများထားရှိနိုင်သည့်ဂုဏ်ထက် ယင်လုံဇကာ၊ ခြင်လုံဇကာ တပ်ဆင်နိုင်သည့်ဂုဏ်ကို ပို၍ တန်ဖိုးထားတတ်ပါစေ။ တစ်အိမ်လုံး ယင်လုံဇကာမတပ်နိုင်သည့်တိုင်အောင် ထမင်းစားခန်းကိုတော့ ဦးစားပေးတပ်ဆင်ကြပါရန် တိုက်တွန်းလိုပါသည်။

### ယင်ကောင်သုတ်သင်နည်း

* သဘာဝအော်ဂဲနစ်နည်းဖြင့် ယင်ကောင်တွေကို နှိမ်နင်း၍ရနိုင်ပါသည်။ ဌက်ပျောခွံအနည်းငယ်ကို ရှာလကာရည်နှင့် ရောပြီး၊ ဌက်ပျောသီးနံ့ထွက်လာအောင် လှုပ်ပေးပါ။ ပြီးနောက် သောက်ရေသန့်ဘူးအလွတ်တစ်လုံးထဲကို ယင်ကောင်တွေဝင်နိုင်လောက်သည့် အပေါက်ငယ်တွေ ဖောက်ထားပါ။ ဌက်ပျောခွံနှင့် ရှာလကာရည်ဖျော်ရည်ကို သောက်ရေသန့်ဘူးအလွတ်ထဲ ထည့်ပါ။ ၄င်းဘူးကို ယင်ကောင်တွေလာတတ်သည့် နေရာမှာထားပေးပါ။ (ထိုနည်းကို အင်းဆက်ထောင်ချောက်အဖြစ် ဥယျာဉ်ခြံတွေမှာလည်း အသုံးပြုနိုင်ပါသည်)

* ထမင်းစားခန်းနှင့် မီးဖိုဆောင်သို့ ရောက်လာကြသော ယင်ကောင်များကို နားမိသည်နှင့် ကပ်၍ သေစေနိုင်သော ကော်သုတ်စက္ကူလိပ်ကလေးများကို နေရာအနှံ့ချိတ်ဆွဲထားပါ (သို့မဟုတ်) ဆန်ကောချပ်ဖြစ်စေ၊ ဒန်အိုးအဖုံး တစ်လုံးတွင်ဖြစ်စေ သကြားရည်၊ အမဲဆီနှင့် ပိုးသတ်ဆေးတစ်မျိုးမျိုးတို့ကို ရောနှောသုတ်၍ ကလေးများလက်လှမ်းမမီသောနေရာမှာ ကြိုးဖြင့် ချိတ်ဆွဲထားပါ။

* ပင်စိမ်း၏အနံ့သည် ယင်ကောင်များကို ထိရောက်စွာကုသနိုင်သည်။ ဥယျာဉ်၌ ပင်စိမ်းများ စိုက်ပျိုးထားခြင်းသည် ယင်ကောင်ကို အဝေးထိန်းရန် ကောင်းမွန်သော ဆေးတစ်လက်ဖြစ်သည်။ (သို့မဟုတ်) မီးဖိုချောင်အနီး၌ သေးငယ်သည့်အိုးများဖြင့်လည်း စိုက်ပျိုးနိုင်ပါသည်။

* ရေနှင့်ပြည့်သော ပလတ်စတစ်အိတ်များက ယင်ကောင်များကိုရှောင်ရှားရန် ကူညီလိမ့်မည်။ ထို့ကြောင့် အိမ်ပြူတင်းပေါက်၊ တံခါးပေါက်များတွင် ကြွပ်ကြွပ်အိတ်ငယ်များ ချိတ်ဆွဲ၍ ရေထည့်ပါ။

* ယင်ကောင်များသည် သစ်ကြံပိုးအနံ့ကို မုန်းသည်။ အိမ်ခန်းထောင့်များ၌ သစ်ကြံပိုးခေါက်တချို့ ချထားပါ။ ၄င်းရနံ့က အိမ်တွင်းလေထုကို သန့်စင်ပေးသည်။

* ငရုတ်ကောင်းမှုန့်ကို ရေမွေးတစ်ပုလင်း(သို့မဟုတ်)အပင်ရေဖျန်းဘူးထဲ ထည့်၍၊ လှုပ်ခါပြီး အိမ်အနှံ့ဖျန်းပေးပါ။

* သခွားသီးနံ့ကို ယင်ကောင်မကြိုက်ပေ။ ထို့ကြောင့် ယင်ရှိတတ်သော နေရာများတွင် သခွားသီးကို အချပ်ပြားလေးတွေ လှီး၍ ချထားပေးပါ။

* ယူကလစ်နံ့ကို ယင်ကောင် ကြောက်ကြသဖြင့်၊ ယူကလစ်ရွက်ကို ခြေမွ၍ အိမ်ခန်းထောင့်တွင် ချထားပါ (သို့မဟုတ်) ယူကလစ်ဆီကို အိမ်တွင်းဖျန်းဆွတ်ပါ။ ၄င်းရနံ့က လူတို့၏အသက်ရှူလမ်းကြောင်းကို ကောင်းစွာအထောက်အပံ့ ဖြစ်စေပါသည်။

* ယင်လာတတ်သော နေရာများ၌ ပန်ကာဖွင့်ထားပေးခြင်းက ယင်လာရာလမ်းကြောင်းကို ပြောင်းသွားစေပါလိမ့်မည်။

* ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ယင်ကောင်ရိုက်တံကို အိမ်တွင်ဆောင်ထားသင့်ပါသည်။

* သက်ဆိုင်ရာဌာနမှ လမ်းညွှန်မှုများနှင့်အညီ လုပ်သားပြည်သူတိုင်းကလည်း အသိစိတ်ဓာတ် ပြည့်ဝစွာဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြစေလိုပါသည်။

**စေတနာများစွာ**

**တင်ထက်ထက်ဇော်**

# မိုင်းပန်မြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်



**မိုင်းပန် ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက်ပိုင်းက မိုင်းပန်-တာဆန်းသွားကားလမ်းဘေး သုံးမိုင်ရွာအနီး၌ ပြုလုပ်သည်။

ရှေးဦးစွာ မိုင်းပန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်၊ လင်းခေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော မိုင်းပန်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်း စိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများပူးပေါင်း ပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် ကျွန်း ၁၁၅၀ ပင်ကို ပြည်သူလူထု အင်အား ၂၅၀ ဦးတို့က တစ်ပျော်တစ်ပါးစုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# ညောင်ဦးမြို့နယ်တွင် အသက်(၁၈) နှစ်နှင့်အထက် မှုကြမ်းစာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**ညောင်ဦး ဇွန် ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ဩဂုတ်လအတွင်း ဆောင်ရွက်ရမည့် အသက်(၁၈)နှစ်နှင့်အထက် မှုကြမ်းစာရင်းများ စစ်ဆေးခြင်းကို ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (ညောင်ဦးမြို့နယ်)ရုံးတွင် စတင်ဆောင်ရွက်လျက်ရှိသည်။

ကွန်ပျူတာဖြင့် စာရင်းများရေးသွင်းထားမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ညောင်ဦးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ စာရင်းများ မှားယွင်းမှုမရှိစေရေးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထို့ကဲ့သို့ ဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ညောင်ဦးခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးပြည်ကျော်၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးနန်းတင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးအားပေးကာ အသက်(၁၈)နှစ်နှင့်အထက် စာရင်းများမှားယွင်းမှုမဖြစ်ပေါ်စေရေးအလေးထားဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေ



**ကျွန်းလှ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ)၌ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် မူးယစ်ဆေးဝါးကို အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး၏ဆိုးကျိုး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ " ရှောင်လေဝေး မူးယစ်ဆေး" စသည့် ကဗျာ၊ ကာတွန်းများပါရှိသည်။

ထိုလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းများက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**



# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ နွေနှမ်းစိုက်ခင်းများ စတင်ရိတ်သိမ်းခြွေလှေ့

**ပွင့်ဖြူ ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးများရင့်မှည့်လာပြီဖြစ်၍ ဒေသခံတောင်သူများက နွေနှမ်းစိုက်ခင်းများတွင် မိုးသီးနှံပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၄ - ၂၀၂၅ ခုနှစ် ၊ နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်းစိုက်ဧက ၃၇၃၄၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးပြီးစီးမှု ၄၇၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

ယခုအခါ ဒေသခံတောင်သူများက မိုးစပါးနှင့် အခြားမိုးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နွေနှမ်းစိုက်ခင်းများကို ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး သီးနှံအထွက်နှုန်းများ လျော့နည်းမှုမဖြစ်စေရေးအတွက် လိုအပ်သည့် သီးနှံအချိန်မီ ရိတ်သိမ်းခြွေလှေ့နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၄၅)**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း ဟောပြော

**တံတားဦး ဇွန် ၂၄**

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနပူးပေါင်းပြီး ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပပြီး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးအစ ဆေးလိပ်က ဆိုသည့်အတိုင်း ဆေးလိပ်သောက်ခြင်းကို မပြုလုပ်ကြရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ် ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်၊ ဆေးခြောက်အန္တရာယ်၊ စိတ်ကြွရူးသွပ်ဆေးပြား အန္တရာယ်နှင့် လူငယ်များ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ရှောင်ရှားနိုင်ရန်နှင့် လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ်မကျရောက်နိုင်ရန် အတွက် ရှောင်ရှားနိုင်ရေး အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေး ၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေးနှင့် ပြင်ပဗဟုသုတရရှိစေရေးတို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။



ထို့နောက် အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာသူများက မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်၍ မိမိတို့ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ဦးစီးအရာရှိက ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားရေးနှင့် နှုတ်မှုစွမ်းရည်မြင့်မားရေးအတွက် ပုံပြင်ပြောပြိုင်ပွဲကျင်းပပေးပြီး ကျောင်းသား၊ကျောင်းသူများအား မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၀၉)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)နှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ပေါ်တွင် မန္တလေးဂါးဒင်းစီးတီးကုမ္ပဏီမှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၉)၊ အလွှာ(၇)၊ အခန်းအမှတ်(၃)၊ (၆၀၅) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဦးတင်အောင်ဝင်း(ဘ)ဦးဝင်းသန့်(၅/ရဥန(နိုင်)၀၉၅၀၉၉)ထံမှ ဦးရန်လင်းထူး(ဘ)ဦးဇော်မင်းထူး(၉/ခအဇ(နိုင်)၀၁၃၃၀၂)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ/၆)၊ ဦးပိုင်အမှတ်(၅၆)၏ အရှေ့ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်စိန်စိန် အမည်ဖြင့် မြေနေရာချထားပေးခဲ့သည့်မြေကွက်နှင့် မြေပေါ်ရှိ အာရ်စီ(၃)ထပ်ခွဲ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်တိုး(ဘ)ဦးငွေးမောင်(၈/ဂဂန(နိုင်)၀၉၃၁၀၈)၊ ဒေါ်စုမြတ်ချွန်(ဘ)ဦးချွန်ချွန်(၉/မဟမ(နိုင်)၀၃၂၉၁၀)တို့ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ တရားဝင်ပိုင်ဆိုင်ခွင့် အခွင့်အရေး အပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်မြင့်မြင့်အေး LL.B, Dip; in Business Law**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၄၃)**
**၆၃(ဘီ)လမ်း၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ နန်းတော်ရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၂၈၄၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်(၁၉)၊ အခန်း(၃၀၅)၊ တတိယတိုက်ခန်းမှာ ဦးကျော်မြင့်(ဘ)ဦးစံထွန်း(၉/မရတ(နိုင်)၀၁၉၆၅၀)အမည်ဖြင့် ချထားပေးသော တိုက်ခန်းကို နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယုလဲ့အောင်(ဘ)ဦးကျော်ဇောအောင်(၈/တတက(နိုင်)၁၀၄၄၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်ဇင်ဖြိုး(ဘ)ဦးမောင်မောင်ထွေး(၉/ခအဇ(နိုင်)၀၃၂၄၅၄)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖဖ–၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၇၄၅၁၀၁၁**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၈)၊ ဦးပိုင်အမှတ်(၁၂-က၊ ၁၂-ခ၊ ၁၃-က၊ ၁၃-ခ)ပေါ်တွင် ဆောက်လုပ်ထားသည့် ၆၃လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ 63 Tower Condo (၁၂)ထပ်အဆောက်အအုံ၏ စတုတ္ထထပ်၊ အမှတ်(A-2)၊ (၂၅×၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် သွယ်တန်းတပ်ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဒေါ်စန္ဒီနွေးနွေးလွင်(ဘ)ဦးစန်းလွင်(၅/ရဘန(နိုင်)၁၃၃၄၀၂)ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ တရားဝင်ပိုင်ဆိုင်ခွင့် အခွင့်အရေး အပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်သီတာဦး LL.B,LL.M, Dip; in Business Law**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၉၂၃)**
**အမှတ်(F-4)၊ ဒုတိယထပ်၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀နှင့် ၆၂လမ်းကြား၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၅၁၁၅၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်(၅၄၄)၊ ဦးပိုင်အမှတ်(၆၀+၉၈)၊ မြေဧရိယာ(၀ ဒသမ ၀၂၄၀+၀ ဒသမ ၀၂၈၀)ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်များသည် မှတ်ပုံတင်အပေးစာချုပ်အမှတ်(၁၇၂/၁၉၇၄)ဖြင့် ဦးမောင်မောင်အေး၊ ဒေါ်ခင်မြဦးတို့မှ တရားဝင်လက်ရှိပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ၎င်းတို့ကွယ်လွန်သွားခဲ့ပြီးနောက် အဆိုပါ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း အဆိုပြုသူ သား၊ သမီးများနှင့် မြေးများဖြစ်သော (၁) ဦးအောင်ဇော်မိုးအေး(၉/မရတ(နိုင်)၀၄၅၀၀၆)၊ (၂) ဒေါ်ခင်သွယ်သွယ်အေး(၉/မရတ(နိုင်)၀၄၅၁၈၈)၊ (၃) ဒေါ်အေးမြသူ(၉/မဟမ(နိုင်)၀၀၇၂၉၄)၊ (၄) ဒေါ်မေသူဇာဇော်(၉/မဟမ(နိုင်)၀၀၇၂၉၃)၊ (၅) ဦးအေးသူရကိုကို(၉/မဟမ(နိုင်)၀၃၁၁၁၇)တို့ (၅)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဘိုးဘွားပိုင်မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ–**
**ဦးတင်ကိုဦး**
**(၁၂/လမန(နိုင်)၁၀၉၉၇၈)**

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးကိုလေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၃၆)၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၀၄၅၆၅၊ ၀၉–၄၀၂၀၀၄၅၆၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနဲအုပ်စု၊ ယဉ်တော်စံကျေးရွာ အတွင်းရှိ (၂၀×၂၆)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဦးပြည့်ဖြိုးရှိန်(ဘ)ဦးဝင်းမြင့်(၉/ပကခ(နိုင်)၀၁၆၈၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စိမ့်ဝတ်ရည်ထက် (LL.M,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၄၀လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၅၄၅၂၆၅၆၊ ၀၉–၄၃၀၆၀၈၃၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၉)၊ ဦးပိုင်အမှတ်(၅၉) မြေကွက်သည် ဦးကျော်အေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏ တောင်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိသော မြေနှင့် အိမ်အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်စီစီအေးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကျော်ဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ–၄၆/၁၆၊ ၅၇–စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၆၅၃၈၉၉၇၂၊ ၀၉–၄၃၁၆၉၄၂၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၈၈)မြောက်ဘက်ခဲစင်း၊ ၇၀(A)လမ်း၊ ၁၀၇(A)လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မူမူလွင်(၉/မနမ(နိုင်)၀၆၆၅၁၅)၊ ဦးအေးလွင်(၉/မနမ(နိုင်)၀၀၆၁၉၁)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်အမှတ်(၃၀) မြေကွက်သည် ဦးကျော်ဆန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံးခြမ်း(၁၂×၄၀)ပေ အကျယ်အဝန်းရှိသော မြေနှင့် အိမ်အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်နွေဝါဖြိုးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကျော်ဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ–၄၆/၁၆၊ ၅၇–စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၆၅၃၈၉၉၇၂၊ ၀၉–၄၃၁၆၉၄၂၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၈၆)၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြား၊ ၄၆လမ်းနှင့် ၄၇လမ်းကြားရှိ ဦးဘမြိုင် အမည်ပေါက် ဘောဂရန်မြေကွက်အား တရားလို ဒေါ်စိုးစိုးစံက တရားပြိုင် ဦးဘမြိုင် အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၇/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီ ရရှိသူ ဒေါ်စိုးစိုးစံ(၁၃/ကမန(နိုင်)၁၅၆၂၂၂)က ဘောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇွန် ၂၄**

အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသည့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပိုမိုအားကောင်းလာစေရန် လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့် ပတ်သက်၍ အခက်အခဲမဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်ပေးနေပါကြောင်း၊ ယခုစီမံကိန်းနှင့်ပတ်သက်၍ ယခင်ခွင့်ပြုခဲ့မှု၊ ယခုဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား တင်ပြ ခွင့်ပြုချက် တောင်းခံသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် အမရပူရမြို့ပြစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့ဝင်များက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ဖြည့်စွက်ပြောကြား၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

## ဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိုက်သင့် မှန်ကန်သည့် ဈေးနှုန်းဖြင့် ရရှိရေးအတွက် ဆန်များ ရောင်းချ



**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကြီးကြပ်ရေးအဖွဲ့၊ ဆန်ကုန်စည်ဒိုင်နှင့် ဆန်ကုန်သည်များအသင်းတို့ ပူးပေါင်း၍ ဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိုက်သင့်မှန်ကန်သည့် ဈေးနှုန်းဖြင့် အများပြည်သူရရှိရေးအတွက် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ လမ်း ၈၀ နှင့် ၈၁လမ်းကြား၊ ၄၂ လမ်းတွင် သတ်မှတ်ဈေးဖြင့် ရောင်းချပေးခဲ့သည်။

အလားတူ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၄င်းနေရာတွင် အခြေခံစားသောက်ကုန်သက်သာ အရောင်းဆိုင်ဖွင့်လှစ်၍ စားဖိုချောင်စားသောက်ကုန်များလည်း တစ်ချိန်တည်းရောင်းချခဲ့ရာ ဝယ်ယူသူများပြားခဲ့ကြောင်း သိရသည်။

"ဆန်ဈေးနှုန်းတွေ တည်ငြိမ်စေရေးအတွက် တိုင်းဒေသကြီး ကုန်ဈေးနှုန်းကြီးကြပ်ရေးအဖွဲ့တွေက မေလလယ်လောက်ကတည်းက ကွင်းဆင်းကြပ်မတ်လျက်ရှိပါတယ်။ ဆန်ဈေးနှုန်းကို သတ်မှတ်တဲ့နှုန်းထားအတိုင်း ရောင်းချဖို့ ကြပ်မတ်စစ်ဆေးမှုတွေလုပ်ဆောင်ပါတယ်။ ဈေးနှုန်းမြှင့်တင်ရောင်းချတာ စစ်ဆေးတွေ့ရှိရင် အရေးယူဆောင်ရွက်သွားမှာပါ"ဟု စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ရွှေဘိုပေါ်ဆန်းတစ်ပြည်လျှင် ၅၉၀၀ ကျပ်၊ ဧည့်မထဆန်တစ်ပြည်လျှင် ၂၈၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးခဲ့ရာ ဆန်အရောင်းဆိုင်များမှလည်း ယင်းဈေးနှုန်းများအတိုင်း ရောင်းချရမည်ဖြစ်သကဲ့သို့ လက်လီနှင့် လက်ကား ဆန်ရောင်းချသူများကလည်း ဈေးနှုန်းများဖော်ပြရောင်းချရန် တာဝန်ရှိကြောင်း၊ ဇွန် ၂၂ ရက်မှစပြီး မန္တလေးမြို့ပေါ်ရှိ ဆန်ဆိုင်ပေါင်း ၉၀ ခန့်က သတ်မှတ်ဈေးအတိုင်း ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်ဈေးနှုန်းအဆမတန်မြင့်တက်ရောင်းချမှုများမရှိစေရန် တိုင်းဒေသကြီးနှင့် မြို့နယ်များမှ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကြီးကြပ်မှုအဖွဲ့တို့နှင့်အတူ ဆန်ကုန်စည်ဒိုင်နှင့် ဆန်ကုန်သည်များအသင်းတို့က ပူးပေါင်းရောင်းချခဲ့ခြင်းဖြစ်ပြီး ဈေးနှုန်းမြှင့်တင်ရောင်းချပါက သတိပေးအဆင့်ကျော်လွန်ပြီးနောက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## စပိန်တို့ အယ်လ်ဘေးနီးယားကို အနိုင်ယူ၊ ခရိုအေးရှားနှင့် အီတလီတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ခ)ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဒပ်ဆဲလ်ဒေါ့ဖ်မြို့၊ ဒပ်ဆဲလ်ဒေါ့ဘောလုံးကွင်းတွင် စပိန်အသင်းနှင့် အယ်လ်ဘေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက အယ်လ်ဘေးနီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၃မိနစ်တွင် ဖာရန်တောရက်စ်က လှလှပပသွင်းယူပေးခဲ့သည်။

ဂျာမနီနိုင်ငံ၊ လိုက်ပဇစ်မြို့၊ လိုက်ပဇစ်ဘောလုံးကွင်းတွင် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က ခရိုအေးရှားအသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ခရိုအေးရှားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၅မိနစ်တွင် လူကာမိုဒရစ်က သွင်းယူပေးခဲ့ပြီး၊ အီတလီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၉၈မိနစ်တွင် ဇက်ကာဂနီက သွင်းယူပေးခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ခ)ပွဲစဉ်အားလုံးကစားအပြီးတွင် စပိန်အသင်းက ရမှတ် ၉မှတ် အုပ်စုပထမဖြင့် ၁၆သင်းအဆင့် တက်ရောက်ခဲ့သလို၊ အီတလီအသင်းက ရမှတ် ၄ မှတ် အုပ်စုဒုတိယဖြင့် ၁၆သင်းအဆင့်တက်ရောက်နိုင်ခဲ့ပြီး၊ ခရိုအေးရှားအသင်းသည်လည်း ရမှတ် ၂မှတ်၊ အယ်လ်ဘေးနီးယားအသင်းမှာမူ ရမှတ် ၁မှတ်တို့ဖြင့် အုပ်စု အဆင့်မှပင် လှည့်ပြန်ခဲ့ရပြီဖြစ်သည်။



**နိုင်ကမ္ဘာ**